CBCM

# Catholic Bishops' Conference of Myanmar

292(A), Pyay Road, Sanchaung, Yangon

ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်

လူထုဆက်သွယ်ရေးရုံး



# CBCM Herald

အတွဲ(၁)၊ အမှတ်(၆)

ဖေဖော်ဝါရီလ၊ ၂၀၁၆

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၀၈






ညောင်လေးပင်မယ်တော်.. စာ(၁၂)



ရဟန်းမင်းကြီးကို မက္ကဆီကို နိုင်ငံတစ်ပွမ်းမှ ဘုရားဖူး ပရိတ်သတ်များကကြိုဆို.. (စာ-၂)



တွေ့ဆုံမေးမြန်းခြင်း.. စာ(၆)



**ကန့်သတ်** ထုတ်ဝေသည်။

ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ လူထုဆက်သွယ်ရေးရုံး

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။

(မာကု ၁၆း၁၅)





# ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူတော်မြတ်နှင့် ရုရှားအော်သိုဒေါ့စ်ဂိုဏ်းချုပ် ပက်ထရီယာ့ကီရယ်တို့၏ သမိုင်းဝင်တွေ့ဆုံခြင်း








ပုပ်ဖရန့်စစ်အရှင်သူမြတ်နှင့် အော်သိုဒေါ့စ်ခရစ်ယာန်ဂိုဏ်း အကြီးအကဲ(Patriarch Kirill)ပက်ထရီအာဒ်ကီရယ်တို့သည်ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနားလေဆိပ်၌ ဖေဖော်ရီလ(၁၃)ရက်တွင် ချစ်ခင်ရင်းနှီးစွာ(၂)နာရီခန့် သမိုင်းဝင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုသို့ တွေ့ဆုံရခြင်းမှာ ခရစ်ယာန်ဘာသာထဲတွင် နှစ်ပေါင်း တစ်ထောင်နီးပါး အရှေ့ခြမ်းနှင့် အနောက်ခြမ်း ကွဲပြားနေသည့် ကျောင်းတော်နှစ်ခုအကြောင်း ခေါင်းဆောင်နှစ်ဦး ပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အတူတကွပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ပုပ်ရဟန်းမင်းကြီးဖရန်စစ်ကဆိုပါသည်။ အရှေ့အလယ်ပိုင်းရှိ ကက်သလစ်ခရစ်ယာန်တို့ အကြား၌ ဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများ၊ ဖိစီးနှိပ်စက်မှုများ ရပ်တန့်စေရန်နှင့် မိတ်သဟာရ ဖွဲ့ရေးကို သူတို့နှစ်ဦးစလုံးမှ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ရာစုနှစ်ချီပြီဖြစ်သော မော်စကိုနှင့်ရောမတို့၏ ပြဿနာအငြင်းပွားမှုတို့ကို အဆုံးသတ်စေရန်နှင့် (၁၀၅၄)ခုနှစ် ကတည်းက အရှေ့နှင့်အနောက်အသင်းတော်နှစ်ခုကို ကွဲပြားစေသော ဆူးညောင့်ခလုတ်များကို ပြုပြင်ပြောင်းလဲရင်း စည်းလုံးခြင်း ပြန်လည်တည်ထောင်နိုင်စေရန် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်းတွင် ယုံကြည်ခြင်းကို သက်သေခံခဲ့သော မိသားစုများ၊ ကျေးရွာများ၊ ခရစ်ယာန်ဘာသာဝင်များအား ညှင်းပန်းနှိပ်စက်မှု အမျိုးမျိုးနှင့် အမြစ်ပြတ် သုတ်သင်ခြင်းများ ထပ်မံဖြစ်ပွားခြင်းမရှိစေရန်၊ ဘာသာတရားကို အချင်းချင်း ဖလှယ်ကြရင်း အကြမ်းဖက်ဝါဒများကို အတူတကွတွန်းလှန်ကြရန်၊ ကွန်မြူနစ်များ လွှမ်းမိုးမှုခံရ၍ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်ခွင့်မရခဲ့သည်မှာ ရာစုနှစ်ချီပြီဖြစ်သော ဥရောပနယ်တစ်ခွင်တွင် လွတ်လပ်စွာ ကိုးကွယ်ခွင့် ရရှိစေရန်၊ အမျိုးသားနှင့်အမျိုးသမီးနှစ်ဦးတို့၏ လွတ်လပ်စွာ ရွေးချယ်ကာချစ်ခြင်းမေတ္တာဖလှယ်ခြင်းဖြင့် တည်ဆောက်ထားသော မိသားစုသည် လူ့အသိုင်းအဝိုင်း၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ အမိဝမ်းထဲက သန္ဓေတည်စ ကလေးငယ်များနှင့်ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် နာမကျန်းဖြစ်နေသူများ၏ အသက်ရှင်သန်ခွင့်စသည့် လူ့အခွင့်အရေးများကိုအရေးစိုက်ပြောကြားခဲ့ကာ ဇော်ဂလိဝမ်းမြောက်ဖွယ်ရာတန်ဖိုးများကို သက်သေခံခြင်းကိုမကြောက်ကြရန် ခရစ်ယာန်လူငယ်များကို အားပေးခဲ့ကြောင်း သိရသည်။ ခေါင်းဆောင်နှစ်ဦးတို့က ယူကရိန်းနိုင်ငံအရေးအခင်းကြောင့် များစွာသော ဒဏ်ရာရ သေကြေပျက်စီးခြင်းနှင့် စီးပွားရေးကပ်ဆိုက်မှုများ ဖြစ်ခဲ့ကြောင်း၊သူတို့နှစ်ဦး၏တွေ့ဆုံခြင်းသည်အသင်းတော်နှစ်ခုကြားရှိ တင်းမာမှုများကို အဆုံးသတ်စေရန် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ကြောင်းနှင့်စစ်ဘေးသင့်မှုဖြစ်ခဲ့သည့် နေရာများတွင်ရှိမန်ကက်သလစ်များ၊ အော်သိုဒေါ့စ်ခရစ်ယာန်များနှင့် အခြားခရစ်ယာန်များပူးပေါင်းကာ ငြိမ်းချမ်းရေးကို အတူတကွ ပြန်လည်တည်ဆောက်ရန် အားလုံးကို ဖိတ်ခေါ်ခဲ့ကြသည်။

နောက်ဆုံးတွင် ပုပ်ရဟန်းမင်းကြီးအရှင်သူတော်မြတ်က မိမိကို လိုက်လှဲစွာ လက်ခံတွေ့ဆုံခြင်း၏ အထိမ်းအမှတ်အဖြစ် ရဟန္တာစီရယ်၏ ဓါတ်တော်မြတ်ပါသောသေတ္တာတော်၊ ငွေဖလား(Chalic)ငွေဖလားအဖုံး နှင့် Laudato si' ဟုခေါ်သော အရှင်သူမြတ်၏စာချွန်တော် စာအုပ်(မိတ္တူ) တစ်အုပ် စုစုပေါင်း သုံးမျိုးကို အော်သိုဒေါ့စ်ခရစ်ယာန်ဂိုဏ်းအကြီးအကဲ ပက်ထရီယာ့ကီရယ်အားကျေးဇူးတင်စွာဖြင့်လက်ဆောင်ဆက်သခဲ့ကြောင်း ဗာတီကန်ရေဒီယို မှသတင်းရရှိပါသည်။ (CBCM-osc)

# ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူတော်မြတ်အား မက္ကဆီကိုမှ ကြိုဆိုခြင်း



ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်သည် မြောက်အမေရိကတိုက်ရှိ မက္ကဆီကိုနိုင်ငံသို့ ရောက်ရှိလာစဉ် ကြီးကျယ်ခမ်းနားသည့် ကြိုဆိုခြင်းဖြင့် နိုင်ငံသားများက ကြိုဆိုဂါရဝပြုခဲ့ကြပါသည်။ အရှင်သူမြတ်စီးနင်းလာခဲ့သော လေယာဉ်သည်(၁၃၊၂၊၂၀၁၆)ရက်နေ့ မက္ကဆီကိုစံတော်ချိန် ည(၇း၃၀)နာရီတွင် ဘယ်နိတိုဖွားရက်စ် လေဆိပ်သို့ ဆိုက်ရောက်ခဲ့ပြီး လူအုပ်ကြီးမှ ကြွေးကြော်နှုတ်ခွန်းဆက်နေချိန် မက္ကဆီကိုသမ္မတ Enrique Pena Nieto နှင့်၎င်း၏ဇနီး Angelica Rivera တို့က မက္ကဆီကိုပြည်နယ် အသီးသီးမှ ဆောင်ယူလာခဲ့ကြသည့် မြေကြီးများပါသည့်ပူးသေတ္တာနှင့်အတူ ကလေးငယ်တစ်ဖွဲ့မှပန်းပွင့်များအား အရှင်သူမြတ်ထံ ဆက်သခဲ့ကြကြောင်းနှင့် "Maxico se pinta de luz " သီချင်းဖြင့်သီဆိုလျှက် ရေးရိုးအစဉ်အလာ အကဖြင့်လည်းဖျော်ဖြေ ကြိုဆိုခဲ့ ကြပါသည်။အရှင်သူမြတ်ကြွလာရာလမ်းတလျှောက်တွင် လူထုသည် အမြဲရပ်ကာ နှုတ်ဆက်လေ့ရှိရာရေးဦးစွာ ကလေးငယ်သံစုံကွာယာအဖွဲ့အားလည်းကောင်း၊ ကြိုဆိုနှုတ်ဆက် သီချင်းသီဆိုပေးကြသည့် အနုပညာရှင်များအားလည်းကောင်း၊ နာမကျန်းဖြစ်နေသော ကလေးငယ်ထံကြွရောက်ကာ ကောင်းကြီးပေးခဲ့ခြင်းဖြင့်လည်းကောင်း၊ လှပစွာကပြဖျော်ဖြေနှုတ်ဆက်ခဲ့ကြသောမာရီယားချစ်(စ်)အကအဖွဲ့အားလည်းကောင်း ကျေးဇူးတင်နှုတ်ဆက်ခဲ့ပါသည်။ ထို့နောက် အရှင်သူမြတ်သည် ကျေးဇူးတုံ့ပြန်သည့် အမူအယာယဉ်ကျေးမှုဖြင့် ဆွန်ဘရဲရိုခေါ် မက္ကဆီကို အမျိုးသားများ ဆောင်းသည့် ဦးထုပ်ကိုဆောင်းကာ ပုပ်ရဟန်းမင်းကြီး စီးတော် ယာဉ်ပေါ်တက်၍ မက္ကဆီကိုမြို့တော်ကိုလည်ပတ်ကြည့်ရှုရင်း(၁၂)မိုင်ခရီးရှိ ပုပ်ရဟန်းမင်းကြီး သံတမန်ရုံးတော်သို့ကြွရောက် သီတင်းသုံးခဲ့သည်ဟုRome Report သတင်းအရ သိရှိရပါသည်။ (RVA)

# ပုပ်ဖရန်စစ်က ဘုရားဖူးများအား မက္ကဆီကို ခရီးစဉ်အကြောင်းကို ဝေမျှခြင်း



ဂါတွင်းကာလ၏ဒုတိယတနင်္ဂနွေနေ့ဖြစ်သော(၂၁၊၂၊၂၀၁၆)နေ့တွင် အရှင်သူတော်မြတ်နှင့်အတူ အန်ဂျေလူးမေတ္တာဆိုရန် စိန်ပီတာရင်ပြင်တော်၌ စုရုံးခဲ့ကြသည့် ဘုရားဖူးလူထုပရိတ်သတ်ကြီးအား မက္ကဆီကိုနိုင်ငံခရီးစဉ်အကြောင်းကို ပုပ်ဖရန်စစ်အရှင်သူမြတ်က မြွက်ကြားခဲ့ပါသည်။

ထိုနေ့၌ တနင်္ဂနွေနေ့ ဧဝံဂေလိကျမ်းစာတော်မြတ်သည် သခင်ခရစ်တော်၏ အဆင်းသဏ္ဍာန်ပြောင်းလဲခြင်းအကြောင်းကို ကြားနာကြရသည်ဖြစ်၍ သူ၏မက္ကဆီကို ခရီးစဉ်သည်လည်း အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း အတွေ့အကြုံကဲ့သို့ပင်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းသန့်ရှင်းသောဘုရားနယ်မြေပေါ်တွင် တည်ရှိနေထိုင်ကြကုန်သော သူများနှင့်အသင်းတော်အားဖြင့် ဘုရားရှင်၏ဘုန်းဂုဏ်တော်အလင်းကို ဘုရားရှင်ကကျွန်ုပ်အား ပြသခဲ့ခြင်းကြောင့်ဖြစ်သည်ဟု အရှင်သူမြတ်ကဆိုပါသည်။

မက္ကဆီကိုနိုင်ငံခရီးစဉ်တွင် အဓိကအားရစွာပြုခဲ့သည်မှာ ဂွါဒါလုဒ်မယ်တော်ထံသဒ္ဒါကြည်ညို ဘုရားဖူးကြွရောက်ခဲ့ခြင်းပင်ဖြစ်ပြီး၊ ဂမ်းနည်းပူဆွေးမှုဖြင့် သူမထံသို့ရောက်ရှိလာသူများအားလုံးကို သူမ၏ချစ်ခြင်းမေတ္တာနှင့်သနားကြင်နာခြင်းအောက်၌ထားရှိကြောင်း၊ တန်ခိုးကြီးသည့် မယ်တော်၏ရုပ်ပုံလွှာရှေ့မျက်မှောက်တော်၌ ကမ္ဘဌာန်းရှုကာဆုတောင်းခဲ့ကြောင်း၊ ကညာစင်မယ်တော်က အိန္ဒိယတိုင်းရင်းသားလေး စိန်ဂျူအန်ဒီရဲဂိုအား ထင်ရှားပြခဲ့သောနယ်မြေသို့ အမေရိကားတစ်ခွင်လုံးမှလာရောက်ဂါရဝပြု ဆုတောင်းကြသည်မှာ အမေရိကတိုက်အတွက် မတူညီကွဲပြားသည့်ယဉ်ကျေးမှုများအကြား ဧဝံဂေလိသတင်းကောင်း၏ အစပင်ဖြစ်သည်ဟု အရှင်သူမြတ်က ဆိုပါသည်။

ယင်းကွဲပြားမှုများအကြားတွင် ကြွယ်ဝသည့် ယဉ်ကျေးမှုကို စောင့်ရှောက်ရန်နှင့် တူညီသည့်ယုံကြည်မှုအတွက် တစ်ညီတစ်ညွတ်တည်း နေထိုင်နိုင်ရန်၊မက္ကဆီကိုအပေါ် ဘုရားရှင်အထူးသွန်းလောင်းပေးသည့်အမွေတော်ပင်ဖြစ်ကြောင်း၊ မက္ကဆီကိုသို့ နောင်တော် ရဟန်းမင်းကြီးများနည်းတူ ကြွရောက်ရခြင်းမှာလည်း မက္ကဆီကို လူမျိုးတို့၏ ယုံကြည်ခြင်း အသက်တာကို ပိုမိုခိုင်မြဲစေရန်နှင့် လူငယ်များ၊ ရဟန်းများ၊ သူတော်စင်များ၊ အလုပ်သမားများ၊ အကျဉ်းသားများနှင့်မိသားစုများတို့၏ဘဝစုံခရီးကြမ်းအကြား ရှင်သန်နေသည့်ယုံကြည်ခြင်း၊ တစ်နည်းအားဖြင့်အဆင်းသဏ္ဍာန်ပြောင်းလဲသည့်ယုံကြည်ခြင်းမျိုးကို တွေ့ကြုံသက်သေခံနိုင်ခဲ့သည်ဟုဆိုပါသည်။ ခရီးစဉ်ကို စောင့်ရှောက်မှုမတော်မူသောဂွါဒါလုဒ်မယ်တော်အားလည်းကောင်း၊ခရီးစဉ်အားကြိုဆိုပြီးအောင်မြင်ရန် ဆောင်ရွက်ပေးသူများအားလုံးတို့အား ကျေးဇူးတင်ကြောင်း မြွတ်ကြားခဲ့ပါသည်။

နောက်ဆုံးတွင် မက္ကဆီကိုခရီးလမ်းစဉ်ကျူးဘားနိုင်ငံ၌ မော်စကို၏ပက်ထရီအာဒ်ကြီး ညီတော်ကီရဲယ်နှင့်သန့်ရှင်းမြင့်မြတ်သည့်တွေ့ဆုံမှုအတွက်လည်း ဘုရားရှင်အားကျေးဇူးတင် ချီးမွမ်းကြောင်း၊ ဘုရား၏ မယ်တော်သည် စည်းလုံးခြင်းသို့ ဦးတည်လျှောက်လှမ်းနေသော ကျွန်ုပ်တို့၏ ခရီးလမ်းအားကာကွယ်စောင့်ရှောက်ပေးပါမည့်အကြောင်း ဆုတောင်းကြပါစို့ဟု ပုပ်ဖရန်စစ်အရှင်သူတော်မြတ်ကအန်ဂျေလူးမေတ္တာရွတ်ဆိုချိန်တွင်ဘုရားဖူးပရိသတ်များအားမြွက်ကြားခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်း ရရှိပါသည်။ (RVA)

# မူးယစ်အန္တရာယ် တိုက်ဖျက်ရန် ပုပ်ရဟန်းမင်းကြီး မိန့်ကြားခြင်း

မက္ကဆီကိုနိုင်ငံသို့ ရောက်ခဲ့သော ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် (၇၊၂၊၂၀၁၆)နေ့၌ မက္ကဆီကိုမြို့တော် Ecatepec ဆင်ခြေဖုန်း အရပ်တွင် ကက်သလစ် ဘာသာဝင်ပေါင်း သုံးသိန်းကျော် နှင့် ဝတ်ပြုဆုတောင်းပွဲ ကျင်းပခဲ့ပါသည်။

ပုပ်ရဟန်းမင်းကြီး၏ ငါးရက်ကြာခရီးစဉ်တွင် အဓိကအကြောင်းရင်းဖြစ်သော မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုနှင့် အကြမ်းဖက်မှုများတို့ကို ဆန့်ကျင်ဟောပြောခဲ့ပါသည်။ ဝင့်ဝါခြင်း၊ ဂုဏ်သိက္ခာမဲ့ ချမ်းသာကြွယ်ဝမှုတို့ကို လက်မခံ တွန်းလှန်ကြရန် တိုက်တွန်းပြောကြားရင်း မကောင်းမှုများအတွက် ညှိနှိုင်းပြောဆိုခြင်းမည်သည့်အခါမှ ရှိမည်မဟုတ်ကြောင်းကို ခေါင်းထဲတွင်အမြဲထည့်သွင်းထားကြရန်လိုအပ်ကြောင်းမိန့်ကြားခဲ့ပါသည်။

ဆက်လက်၍ ဝတ်ပြုပွဲနောက်ဆုံးတွင် ဆုတောင်းရာ၌ တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးရေးအတွက် မက္ကဆီကိုနိုင်ငံသားများအားလုံး မားမားမတ်မတ်ရပ်တည်လုပ်ဆောင်ကြရန် တိုက်တွန်းသွားခဲ့ပါကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။

# ကချင်ပြည်နယ်မူးယစ်အန္တရာယ် တိုက်ဖျက်ခြင်း

ကချင်လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေး-ဘိန်းခင်းတိုက်ဖျက်ရေးအဖွဲ့ ကြုံတွေ့နေရသောအခက်အခဲအတားအဆီး အနှောက်အယှက်များကို ဘေးမသီရန်မခ ကျော်လွှားနိုင်ပြီး လူသားထုတစ်ရပ်လုံး၏ဘုံရန်သူကို ချေမှုန်းနိုင်ရန်အတွက် စုပေါင်းဆုတောင်းခြင်းအစီအစဉ်ကို ပိတ်ဆို့တားဆီးထားသည့် ချီဖွေ - ဆဒုံး လမ်းခွဲတွင် ဖေဖော်ဝါရီ (၂၁) ၌ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့အပြင်၊ ဝိုင်းမော်-ကန်ပိုက်တီ ကားလမ်းဘေးတွင် အင်အားထောင်ကျော်သည့် ဘိန်းခင်းဖျက် ပတ်ဂျဆန် ခရစ်ယာန်အဖွဲ့နှင့် တားဆီးသူအစိုးရစစ်တပ်အပါအဝင် လုံခြုံရေးတပ်ဖွဲ့များအကြား ထိပ်တိုက်တိုးကာ တစ်နေရာတည်းငါးရက်ကျော် ဆက်လက်သောင်တင် နေခဲ့ကြသည်။ သူတို့၏ စိုက်ခင်းသီးနှံများကိုဖျက်လျှင် လက်တုံ့ပြန်မည်ဟု ဘိန်းစိုက်တောင်သူများက ပြောထားသောကြောင့် ပဋိပက္ခ ပေါ်ပေါက်လာမည်ကို အာဏာပိုင်များဘက်မှ စိုးရိမ်သည်ဟု ဝိုင်းမော်မြို့နယ်မြေရဲအရာရှိတစ်ဦးက ပြောပါသည်။ စစ်ဝတ်စုံယူနီဖောင်းများကဲ့သို့ ဝတ်ဆင်ထားကြသူများ ပါဝင်သည့်ဘိန်းခင်းဖျက်အဖွဲ့ဝင်ဘက်မှ ဒေသအတွင်း ဘိန်းအပါအဝင် မူးယစ်အန္တရာယ် အင်မတန်ဆိုးရွားလွန်းနေသဖြင့် ဘိန်းခင်းများကို လိုက်လံဖျက်စီးနေကြသည်ဟု ဆိုပါသည်။

ဖေဖော်ဝါရီ (၂၁)ရက် တနင်္ဂနွေနေ့တွင် ထိုနေရာသို့ ဝိုင်းမော်၊ မြစ်ကြီးနား၊ ဖားကန့်နှင့်မိုးညှင်း စသည့်မြို့ပေါ်မှလူများ နောက်ထပ် အင်အားထောင်ချီ စုရုံးကြကာ ဘာသာရေးဝတ်ပြုဆုတောင်းမေတ္တာများ၊ ဟောပြောခြင်းများပြုလုပ်ခဲ့ကြကြောင်း ဘီဘီစီသတင်းမှသိရပါသည်။





# ဒုက္ခသည်တို့၏ မျက်ရည်များသည် အချည်းနှီးသက်သက်မဟုတ်ကြောင်း ဂွါဒါလုဒ်မယ်တော် ဘာဆီလီကား ကျောင်းတော်ကြီး၌မြွက်ကြား



ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်ကို (၁၃၊၂၊၂၀၁၆)နေ့၌ မက္ကဆီကိုနိုင်ငံတစ်ပုမ်းမှ ဘုရားဖူးပရိတ်သတ်(၃၅၀၀၀)ကျော်က (၁၀)မိုင် ကျော်ဝေးသော ဂွါဒါလုဒ်မယ်တော်ဗိမာန်တော်၏ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကြိုဆိုခဲ့ကြပါသည်။ အရှင်သူမြတ်က သူ၏ပထမဆုံးမစ္ဆားတရားတော်မြတ်ကို မက္ကဆီကိုရှိဂွါဒါလုဒ်မယ်တော်ဗိမာန်တော်ဘာဆီလီကား ကျောင်းတော်ကြီးတွင်ပူဇော်လိုသောဆန္ဒရှိကြောင်းသိရသည်။

အရှင်သူမြတ်ရောက်လျှင်ရောက်ခြင်း အမေရိက၏ ကေရာဇ် ဘုရင်မအား ဂုဏ်ပြုချီးမွမ်းသီဆိုသောသီချင်းဖြစ်သည့် "La Guadalupana" ဆိုသည့် သီချင်းဖြင့် ကြိုဆိုခဲ့ကြကြောင်း၊ ကမ္ဘာပေါ်၌ သနားကြင်နာခြင်း ထွန်းလင်းရမည် ဟူသည့် အမှတ်သင်္ကေတအဖြစ် အရှင်သူမြတ်က ဖရောင်းတိုင်မီးကို ထွန်းညှိပေးခဲ့ပါသည်။

ထို့နောက်အရှင်သူမြတ်သည် ဘာဆီလီကားကျောင်းတော်ကြီး၏ သန့်ရှင်းသောတံခါးတော်မှ မစ္ဆားတော်မြတ်ပူဇော်ကျင်းပရန် ဝင်ရောက်ခဲ့ကြောင်း၊ သူ၏ဩဝါဒတွင် "စိန်ဂျူအန်ဒီရဲဂို နှင့် ဂွါဒါလုဒ်မယ်တော်သခင်မ အကြောင်းတို့ကို ပြန်လည်ဝေငှခဲ့ကာ မက္ကဆီကိုနယ်မြေပေါ်သို့ ဘုရား၏ သတင်းကောင်းကို သယ်ဆောင်နိုင်ရန်အတွက် ဘုရား၏မယ်တော်သည်နှိမ့်ချသော အိန္ဒိယလူမျိုးလေးအား ရွေးချယ်စေလွှတ်ခဲ့ကြောင်း၊ လူငယ်လေး ဂျူအန်နှင့်အတူရှိကြောင်းကို မယ်တော်ထင်ရှားပြခဲ့သကဲ့သို့ ကျွန်ုပ်တို့အားလုံးကိုလည်း မယ်တော်က ဆက်လက်ကြည့်ရှုနေကြောင်း၊ အထူးသဖြင့် ဂျူအန်ကဲ့သို့ မိမိကိုယ်ကိုအသုံးမဝင် တန်ဖိုးမရှိဟု ခံစားနေကြရသူများအား ဂရုစိုက်ရန်ဖြစ်သည်။" ကျွန်ုပ်တို့အသိုင်းအဝိုင်းတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားခဲ့ရပါ၊ မရှိဆင်းရဲသည်ဖြစ်စေ၊ မလုပ်နိုင်၊မကိုင်နိုင်သည်ဖြစ်စေ မည်သူ့ကိုမျှ ချန်မထားရပါ၊ အားလုံးကို ကျွန်ုပ်တို့လိုအပ်သည်။

မယ်တော်သည် ကျွန်ုပ်တို့အားလုံး၏ မယ်တော်ဖြစ်ကြောင်းကို စိန်ဂျူအန်ဒီရဲဂိုအားမိန့်ကြားခဲ့သည့်အတိုင်း လူသားအားလုံး၏မယ်တော်နှင့် နစ်သိမ့်ရာဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ မိခင်ဖြစ်၍ ဂုဏ်ပြုထိုက်သူ၊ ဒုက္ခသည်တို့၏မျက်ရည်များသည်အချည်းနှီးသက်သက်မဟုတ်၊ငိုကြွေးခြင်းမျက်ရည်များကိုသုတ်ပေးကာ စောင်မသောသူ၊ ကျွန်ုပ်တို့အားလုံးကိုလည်း သူမ၏




သံတမန်များဖြစ်ကြရန် ဖိတ်ခေါ်နေသောသူဖြစ်ကြောင်း၊ ဒုက္ခသည်တို့၏ မျက်ရည်များကို သုတ်ပေးရန်၊ ရေငတ်နေသူအား သောက်စရာရေပေးရန်၊ အစာငတ်မွတ်သူအား စားစရာပေးရန် နှင့် အမေ၏သံတမန်များဖြစ်ကြရန် မယ်တော်သည်အားလုံးကိုဖိတ်ခေါ်နေကြောင်း" အရှင်သူမြတ်က မြွက်ကြားခဲ့ပါသည်။

နောက်ဆုံးတွင် ပုပ်ဖရန်စစ်အရှင်သူမြတ်က အမေရိကတိုက်အား မှိုင်းမတော်မူသော ကညာစင်ဂွါဒါလုဒ်မယ်တော်အတွက် သူယူဆောင်လာသည့်အထူးလက်ဆောင်တော်ဖြစ်သော လာတင်းဘာသာစကားဖြင့်"ကျွန်ုပ်၏မိခင်နှင့်ကျွန်ုပ်၏မျှော်လင့်ရာ" ဟူသည့် ရွှေရောင်ထွင်းထားသည့် သရဖူ အားကောင်းကြီးပေးခဲ့သည်ဟု Rome Report သတင်းအရသိရှိရ ပါသည်။ (RVA)

## ပုပ်ဖရန်စစ်၏ တွီတာ စာမျက်နှာအား လိုက်လံဖတ်ရှုသူ နောက်လိုက်ပေါင်း ၂၇ သန်းသို့

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်၏ ဘာသာစကားကိုးမျိုးဖြင့်ဖတ်ရှုနိုင်သည့် **@Pontifex** ဟူသည့် တရားဝင် Twitter တွီတာ စာမျက်နှာသည် (အရှင်သူမြတ်၏ မက္ကဆီကိုခရီးစဉ်၌) လိုက်လံ ဖတ်ရှုသူ နောက်လိုက် Followers စုစုပေါင်း (၂၇) သန်းထိရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ဘာသာစကားကိုးမျိုးတွင် ပေါ်ပြူလာ အဖြစ်ဆုံးဘာသာစကားမှာ နောက်လိုက် Followers (၁၁)သန်းကျော်ဖြင့် စပိန်ဘာသာစကား၊ ဒုတိယပေါ်ပြူလာဖြစ်သည့်ဘာသာစကားမှာ Followers(၉)သန်းနီးပါးဖြင့် အင်္ဂလိပ်ဘာသာစကား နှင့် တတိယပေါ်ပြူလာဖြစ်သည့် ဘာသာစကားမှာ နောက်လိုက် Followers (၃)သန်းကျော်ဖြင့် အီတလီဘာသာစကား တို့ဖြစ်ကြသည်။ ပေါ်တူဂီ၊ ပိုလန်၊ ပြင်သစ်၊ လာတင်း၊ ဂျာမန် နှင့် အာရပ်ဘာသာစကားတို့ကလည်း နောက်ထပ်လိုက်လာကြပါသည်။

**@Pontifex**ဟူသည့် Twitter စာမျက်နှာကို အနားယူသွားပြီဖြစ်






သောပုပ်ရဟန်းမင်းကြီးဘယ်နဒစ်အရှင်သူမြတ်က(၂၀၁၂)ခုနှစ်ဒီဇင်ဘာလ (၁၂)ရက်နေ့တွင်စတင်ဖွင့်ခဲ့ပြီး၊ ပုပ်ဖရန်စစ်အရှင်သူမြတ်က သူ၏ပထမဆုံး Twitterတွီတာ သတင်းစကားကို(၂၀၁၃)ခုနှစ် မတ်လ(၁၇)ရက်နေ့တွင် စတင် ပေးပို့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ (RVA)

## ပထမအကြိမ် သမ္မာကျမ်းစာတော်မြတ်နှင့် ကက်သလစ်ခရစ်ယာန် အသင်းတော်ဆိုင်ရာ အထွေထွေ ဗဟုသုတ ပြိုင်ပွဲ

(ညောင်လေးပင်)

၂၀၁၆ခုနှစ်မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသောပထမအကြိမ်သမ္မာကျမ်းစာတော်မြတ်နှင့် ကက်သလစ်ခရစ်ယာန် အသင်းတော်ဆိုင်ရာ အထွေထွေဗဟုသုတ ပြိုင်ပွဲကို (၁၁၄) ကြိမ်မြောက် လုဒ်မယ်တော်ပွဲ၊ ညောင်လေးပင်မြို့တွင် ၁၁၊၂၊၂၀၁၆-နှစ်၊ ကြာသပတေးနေ့၌ ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံကက်သလစ်ခရစ်ယာန် ဆရာတော်ပိုင်သာသနာ(၁၆) ခုကိုဖိတ်ကြားခဲ့ရာ သာသနာ(၁၀)ခုမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း နှင့် မြန်မာနိုင်ငံကက်သလစ်ခရစ်ယာန် လူဦးရေ (၈)သိန်းကို ကိုယ်စားပြုသော ယှဉ်ပြိုင်သူ စုစုပေါင်း(၅၇)ဦး ပါဝင်ခဲ့ကြောင်းသိရ၍ ၎င်း(၅၇)ဦးမှာ ပုသိမ်သာသနာမှ(၁၂)ဦး၊ လွိုင်ကော်သာသနာမှ(၁၁)ဦး၊ ရန်ကုန်သာသနာမှ(၁၀)ဦး၊ ကျိုင်းတုံသာသနာမှ(၈)ဦး၊ တောင်ငူသာသနာမှ(၄) ဦး၊ မန္တလေးသာသနာမှ(၃)ဦး၊ ကလေးသာသနာမှ(၃)ဦး၊ ဟားခါးသာသနာမှ(၂)ဦး၊ မြစ်ကြီးနားသာသနာမှ(၂)ဦး၊ လားရှိုးသာသနာမှ(၂)ဦး စုစုပေါင်း (၅၇)ဦး တို့ဖြစ်ကြပါသည်။

**ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များအဖြစ်** ကက်သလစ် ဘာသာဝင်များ ခရစ်ယာန်ဘဝအသက်တာ၏ ဘဝလမ်းညွှန်စာအုပ်ဖြစ်သော သမ္မာကျမ်းစာတော်မြတ်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ဘဝအတွက် ခွန်အားကျေးဇူးများရယူစေရန်၊ ကက်သလစ်ခရစ်ယာန်များ အသင်းတော်ဆိုင်ရာ အထွေထွေဗဟုသုတများကို လေ့လာမှတ်သားပြီး၊ အသင်းတော်နှင့် တစ်လုံးတစ်ဝတည်း ကောင်းကင်ခရီးပြုနိုင်ရန်တို့ရည်ရွယ်ကြောင်း သိရပါသည်။

ပြိုင်ပွဲတွင်သက်ကြီးသူများပိုမိုပါဝင်ပြီးလာရှိုးသာသနာမှ အသက် (၈၀)ကျော် အဘိုးမားရီအိုလွမ်းဟောင်းသည် စိတ်အားထက်သန်လှသဖြင့် လာရောက်ဖြေဆိုကြောင်း၊ ကလေးသာသနာမှ အရိုးအထူးကု ဆရာဝန် Labang Gum Jat (လဘန်ဂွမ်ဂျပ်) သည်လည်း မိမိလုပ်ငန်းခွင်မှ အထူးအခွင့်ယူကာ လာရောက်ဖြေဆိုခဲ့ကြောင်း၊ ဖြေဆိုသူအသီးသီးတို့သည် ဆက်ကပ်ပူဇော်မှုကိုယ်စီဖြင့် ရောက်ရှိလာကြောင်း သိရပါသည်။ ပြိုင်ပွဲတွင်ပထမဆု ကျပ်(၁၀) သိန်းကို ပုသိမ်သာနာမှ JM မဖရန်စီနားမှလည်းကောင်း၊ ဒုတိယဆုကျပ်(၅)သိန်းကို မန္တလေးသာသနာ မှဒေါ်ရိုစ့်မေရီမှလည်းကောင်း၊ တတိယဆုကျပ်(၃)သိန်းကို မြစ်ကြီးနားသာသနာမှ မောင်ဂျိုးဇက်ဘောစကိုရဲနန္ဒဆွေမှလည်းကောင်းအသီးသီးရရှိခဲ့ကြပါသည်။



ဤပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကြီးမှူးတာဝန်ယူပေးသောသူများမှာ ဆရာတော်ဂျွန်စောယောဟန်၊ ပွဲဖြစ်မြောက်ရေးကော်မတီ (ဥက္ကဋ္ဌ ဦးတင်မြင့်) အတွင်းရေးမှူး ဦးလာဇရူးနှင့် ပေးဆပ်ပါဝင်သူများလည်းရှိကြောင်းသိရပါသည်။ မယ်တော်ပွဲတော်တွင်ပါဝင်သူ စစ္စတာရ်တစ်ပါးမှလည်း နောင်လာမည့်နှစ်များတွင်လည်း ပိုမိုကျယ်ပြန့်စွာ ပြုလုပ်ပေးစေလိုသောဆန္ဒရှိကြောင်းပြောခဲ့ကြောင်း သိရှိရပါသည်။

Sr. Rosa Sylvia, S.F.X (Pathein.15. 2. 2016)

## ရန်ကုန်တွင်စာချတာဝန်ထမ်းဆောင်မည့် ဘုန်းတော်ကြီး ပေါ်လီနူးစ်ထန်မွန်းလျန်

(ကလေးသာသနာ)



ကလေးသာသနာမှ ဘုန်းတော်ကြီး ပေါ်လီနူးစ်ထန်မွန်းလျန်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းဖြစ်တက္ကသိုလ် တွင် အသင်းတော်၏သမိုင်း စာချဘုန်းတော်ကြီးအဖြစ် ၂၀၁၆-၁၇ ပညာသင်နှစ်မှ တာဝန်ထမ်းဆောင် မည်ဟုသိရပါသည်။

ဘုန်းဘုန်းသည် အဘ ဦးအာဗရာဟမ်ဂိုကျင့်ဟန် နှင့်အမိဒေါ်ညောင်ကျိန်တို့၏သားဖြစ်ပြီး ညီအစ်ကိုမောင်နမ(၁၂)ယောက်တွင် (၁၀)ယောက်မြောက်သားဖြစ်ကြောင်း၊ ၁၉၇၈ ခုနှစ်ဖေဖော်ဝါရီ(၂၈)ရက်နေ့တွင် တမူးမြို့တွင်မွေးဖွားပြီး ၁၉၇၉ ခုနှစ်ဒီဇင်ဘာလ(၁၄)ရက်နေ့၌ ဘုန်းတော်ကြီးဖလေဗီးအန်က တမူးမြို့တွင် ဆေးကြော ခြင်းမင်္ဂလာပေးခဲ့ကာ ၁၉၉၅ခုနှစ် ဧပြီလ(၂၃)ရက်နေ့၊ တမူးမြို့တွင်ပင် ဟားခါးသာသနာပိုင် ဂိုဏ်းအုပ်ဆရာ တော်ကြီး(ထိုအချိန်) နီကောလားစ်မန်ထန်းက ခရစ္စမားအားပေးခြင်း မင်္ဂလာကိုပေးခဲ့ပါသည်။

၂၀၀၉ ခုနှစ်နိုဝင်ဘာလ (၁၅) ရက်နေ့တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ သီတင်းသုံးတော်မူသော ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တော် ဂိုဏ်းချုပ်ဆရာတော်ကြီး ဆာလ်ဗာတိုရေပါနားကျိုက ရဟန်းသိက္ခာတင်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရကျောင်းတွင် BSC(Zoo)ဖြင့် ကျောင်းပြီးကာ ဘာသာရေးတွင် Bachelor of Sacred Theology ဘွဲ့ကိုလည်းကောင်း၊ အီတလီ နိုင်ငံရောမမြို့ရှိ St.John Laleran တက္ကသိုလ်မှ Church Historyအထူးပြုဘာသာဖြင့် Licentiate (M.Th)ဘွဲ့ကိုလည်းကောင်း ရရှိခဲ့ကြောင်း၊ ၂၀၁၄ခုနှစ် ဧပြီလမှ ၂၀၁၆ ဧပြီလအထိ ချင်းပြည်နယ်မြောက်ပိုင်း ကျီခါးမြို့တွင် ကျောင်းထိုင်ဘုန်းတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ကလေးသာသနာ လူထုဆက်သွယ်ရေးရုံးမှသိရှိရပါသည်။ (KL-osc)

**မော်လမြိုင် ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ နှစ်ပတ်လည် ဘုန်းတော်ကြီးများ ဝတ်စောင့်ခြင်း၊ အစည်းအဝေးနှင့် Socio-Pastoral Planning workshop များကျင်းပပြုလုပ်ခြင်း** *(၁၆ - ၂၄ ဖေဖော်ဝါလ ၂၀၁၆)*

မော်လမြိုင်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာဘုန်းတော်ကြီးများ၏ နှစ်ပတ်လည်ဝတ်စောင့်ခြင်းကို ဖေဖော်ဝါရီလ(၁၅-၁၈)ရက်နေ့အထိ သာသနာဗဟိုတွင် ပြုလုပ်ခဲ့ပါသည်။ Fr Brian Ba Nya မှ ဦးဆောင်ကာ ဖေဖော်ဝါရီလ (၂၁-၂၂) ရက်နေ့တွင် Pastoral Planning ခေါင်းစဉ်ဖြင့် သာသနာ၏ အစီအစဉ်များ ရေးဆွဲခြင်းများပြုလုပ်ခဲ့သည်။ ဆက်လက်၍ Fr. Amal SJ မှလည်း ဖေဖော်ဝါရီ (၂၃-၂၄) ရက်နေ့ကို Project writing, finance management and financial report ဆိုသောခေါင်းစဉ်ဖြင့် နှစ်ရက်တိတိပို့ချပေးခဲ့ပါသည်။ Fr. A Shwe(မော်လမြိုင်-osc)





ညောင်လေးပင်၊ ဖေဖော်ဝါရီ ၁၅ ။ ။

(၁၁၄) ကြိမ်မြောက် လုဒ်မယ်တော်ပွဲကို ပဲခူးတိုင်း၊ ညောင်လေးပင်မြို့တွင် ဖေဖော်ဂါရီ ၁၂ ရက်မှ ၁၃ ရက်နေ့ထိ စည်ကားစွာ ကျင်းပခဲ့ပြီး ထိုပွဲတော်သို့ လာရောက်ချီးမြှင့်ပေးသော ကက်သလစ်ခရစ္စယာန်ဂိုဏ်းချုပ်ဆရာတော်ကာဒီနယ်ချားလ်(စ်)မောင်ဘိုနှင့် ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်တောင်ကိုးရီးယားနိုင်ငံသားဂိုဏ်းချုပ်ဆရာတော် Paul Tchang In Nam တို့နှင့်မဇ္ဈိမသတင်း ဌာနတို့ ခေတ္တတွေ့ဆုံခွင့် ရခဲ့ပါတယ်။

ဆရာတော်ကြီးတို့နှင့် မြန်မာနိုင်ငံ၏ လက်ရှိဘာသာရေးပြဿနာများ၊ ငြိမ်းချမ်းရေးအကြောင်း အရာများ တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နှုတ် တင်ပြလိုက်ပါတယ်။

**မဇ္ဈိမ။ ။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ဘာသာရေး ပြဿနာတွေနဲ့ ပတ်သက်ပြီး နောက်တက်လာမယ့် အစိုးရက ဘယ်လို ဖြေရှင်းပေးနိုင်မယ်၊ ဘယ်လိုကိုင်တွယ်မယ်၊ ဘယ်လို လုပ်သင့်တယ်လို့ ထင်ပါသလဲ။**

ချားလ်(စ်)။ ။ နောက်အစိုးရ ဘယ်လောက်ထိ ဖြေရှင်းပေးမယ်ဆိုတာ ဆရာတော်တို့လဲတိတိကျကျတော့မသိသေးဘူးပေ့ါ၊ဆရာတော်မှန်းတာက ပထမဆုံး ပြည်တွင်းစစ်ဖြစ်နေတဲ့ ပြဿနာကိုရှင်းနိုင်၊ ကိုင်တွယ်နိုင်ပြီးမှ ဒီဘက်ကိုပြန်ရှင်းရမယ်။ ရှင်းတဲ့အခါမှာ တိုင်းရင်းသားကိစ္စတွေကပက်သက်လာတော့မယ်၊ ဥပမာဘင်္ဂါလီရောရခိုင်ပြည်နယ်ရောအစိုးရကနစ်ဖက်စလုံး အသံနားထောင်ဖို့လိုတယ်။

သမိုင်းကိုကြည့်မယ်ဆိုရင် စစ်တကောင်းဆိုတာ မြန်မာပြည်နဲ့တွဲပြီးနေတာ၊ ဟိုဖက်ဒီဖက်နှစ်ပေါင်းများစွာသွားလာနေကြတာ၊ တချို့ရာစုပေါင်းများစွာ မြန်မာပြည်မှာ နေတဲ့သူရှိတယ်၊ တချို့ပြန်သွားကြတယ်၊ ထွက်လိုက်ဝင်လိုက်လုပ်နေကြတဲ့အခါ သူတို့အနေနဲ့အတည်တကျမရှိဘူး။ ဒါပေမယ့် နှစ်ပေါင်းများစွာနေလာတဲ့ သူတွေ ရခိုင်ပြည်ထဲမှာ ရှိလာတယ်။ သမိုင်းကိုလည်း လစ်လျူရှုလို့တော့မရဘူးပေ့ါနော်၊ ဆွေးနွေးတိုင်ပင်ပြီး အဆင့်လိုက်အဆင့်လိုက်လုပ်ရမယ်။ ဒါကချက်ချင်း တထိုင်တည်း ရှင်းလို့ရတာမဟုတ်ဘဲ နှစ်ဖက်သောအစိုးရတွေလုပ်ရမယ်။ အဲ့လိုလုပ်တဲ့အခါမှာ ဘာသာရေးဖြစ်နေနေ၊လူမှုရေးဖြစ်နေနေအစွန်းမရောက်ဖို့အရေးကြီးတယ်။ ဒါတွေက ကိုယ်ရဲ့ညီအစ်ကိုမောင်နှမတွေပဲ။ ညီအစ်ကိုမောင်နှမထဲမှာ အိုးမဲ့အိမ်မဲ့ဖြစ်နေတယ်၊ အစားအသောက်မရှိဘူး၊ အဲ့အချိန်မှာလူသားဆိုင်ရာအရလည်း စဉ်းစားပေးဖို့အရေးကြီးတယ်။ ပြဿနာဘယ်လောက်ထိအောင်ဖြေရှင်းနိုင်မလဲ၊ဘယ်လောက်ထိ မြန်မလဲဆိုတာတော့ ဆရာတော် အနေနဲ့ပြောလို့မရဘူး။

**မဇ္ဈိမ။ ။ နောက်တက်လာမယ့်အစိုးရကို ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ အကြံပြု ပေးနိုင်မလား။**

ချားလ်(စ်)။ ။ နောက်အစိုးရအနေနဲ့ ဒီကိစ္စကိုမရှင်းဘဲနဲ့ငြင်းထားလို့မရဘူးစားပွဲပေါ် ချပြီးရှင်းနိုင်ဖို့အရေးကြီးတယ်။သူတို့တွေလည်းဝင်လာတဲ့ဟာရှိတယ်၊ ဆုတ်သွားတဲ့ဟာရှိတယ်၊ သက်ညာမှုနဲ့အစိုးရဖြစ်ဖြစ်စစ်တပ်ဖြစ်ဖြစ် အကြမ်းမဖက်ဘဲနဲ့ညှိပြီး ယူကြဖို့ပဲ အဖြေရှိတယ်။

**မဇ္ဈိမ။ ။ ခုနကပြောတဲ့ အိမ်နီးချင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်မှာဆိုရင် လတ်တလော ကက်သလစ် ချပ်စ် ကျောင်းတွေ ဖျက်ဆီးခံနေရတာရှိတယ်။ ဆရာတော် ခုနကပြောသလို အတူတကွ နေထိုင်မယ်ဆို ရင် ပြဿနာတွေ ကူးစက်မလာနိုင်ဘူးလား။ ဘာတွေပြင်ဆင်ထားသင့်သလဲ။**

Paul ။ ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့အခြေအနေကို ပြောရရင် အဖြေပေးဖို့ခက်ခဲပါတယ်။ဘင်္ဂလားဒေ့ရှ်အခြေအနေက တချို့နေရာတွေမှာ ပဋိပက္ခတွေရှိတယ်။ အချို့နေရာတွေမှာ ဘာသာတစ်ခုနဲ့တစ်ခု တိုက်ခိုက်မှုတွေ ရှိနေတယ်။ အမှန်ကတော့ အားလုံးလွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိတယ်။နိုင်ငံသားလွတ်လပ်ခွင့်ရှိသင့်တယ်။အဲ့ဒီအပေါ်အချင်းချင်းလေးစားလိုက်နာသင့်တယ်။ တိုင်းရင်းသားဘာသာခြားဖြစ်လို့ ဆင်းရဲချမ်းသာလို့ ခွဲခြားမှုမရှိဘဲ အချင်းချင်းလေးစားရမယ်။ မြန်မာ၊ ဘင်္ဂလားဒေ့ရှ် မဟုတ်ဘဲ အားလုံးက အိမ်တစ်ခုမှာအတူတူနေတာလို့ သတ်မှတ်ပြီးမျှမျှတတတူညီစွာ အတူတကွရှင်သန်ကြတဲ့လူသားတွေဖြစ်သင့်တယ်။

**မဇ္ဈိမ။ ။ လွန်ခဲ့တဲ့ငါးနှစ် နောက်ပိုင်းက ဘာသာရေးနဲ့ သက်ဆိုင်တဲ့ပွဲတွေ တားမြစ်မှုတွေ ရှိခဲ့တယ်။ အခုလက်ရှိ အခြေအနေမှာရော ဘယ်လို သုံးသပ်နိုင်မလဲ။**

ချားလ်(စ်)။ ။ လွန်ခဲ့တဲ့ငါးနှစ်ကျော်တုန်းက တပ်မတော်အစိုးရခေတ်ဆိုတော့ အခုနဲ့မတူဘူးလေ။ အရင်ဆိုရှယ်လစ်ခေတ်တုန်းက ပိုဆိုးတယ်။ ပိုပြီးတားမြစ်ခဲ့တယ်။ အဲ့ဒီတုန်းကထက် အခုပိုပြီးလွတ်လပ်လာပါတယ်။ ဘာသာရေးနဲ့သက်ဆိုင်တဲ့ပွဲတော်တွေလုပ်ခွင့်ရလာတယ်။ ပိုပြီးလွတ်လပ်လာတာတွေရတယ်။ ဘာသာရေးပွဲတော်လုပ်မယ်ဆိုရင် သက်ဆိုင်ရာကိုတင်ပြပြောဆိုလိုက်ရင်ဘာသာတိုင်းတူညီတဲ့အခွင့်အရေးရပါတယ်။ဗုဒ္ဓဘာသာလည်း ဗုဒ္ဓဘာသာနဲ့သက်ဆိုင်တဲ့ပွဲတော်တွေ ကျင်းပနေတာရှိတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ သုံးရာခိုင်နှုန်းသာရှိတဲ့ခရစ်ယာန်ပွဲတော်တွေကျင်းပခွင့်ပြုတဲ့အတွက် အထူးတလည်ပြောနေစရာတောင်မလိုပါဘူး။

**မဇ္ဈိမ။ ။ အစိုးရသစ်လက်ထက်မှာ ဘယ်ကိစ္စကို အရင်ဆုံးလုပ်သင့်တယ်လို့ ထင်ပါသလဲ။**

ချားလ်(စ်)။ ။ ငြိမ်းချမ်းရေးပေ့ါ။ peace and reconciliation က အရေးအကြီးဆုံးပေ့ါ။ လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀) ကျော်ကဖြစ်ခဲ့တဲ့ သမိုင်းကိုနားလည်ခွင့်လွှတ်နိုင်ဖို့ အရေးကြီးတယ်။ ခွင့်လွှတ်တယ်ဆိုတာ လုံးဝမေ့ပျောက်ပစ် လစ်လျူရှုတဲ့ သဘောမဟုတ်ဘူးနော်။ တခါတလေတော့ တရားမျှတစွာနဲ့ လုပ်သင့်တာ တချို့ရှိတယ်။

**မဇ္ဈိမ။ ။ ပုပ်ရဟန်းမင်းကြီးရဲ့ သံရုံးနိုင်ငံ အတော်များများမှာရှိပြီး မြန်မာနိုင်ငံမှာ ဖွင့်ဖို့အစီအစဉ် ရှိပါသလား၊ ဘယ်လိုဆောင်ရွက် နေပါသလဲ။**

ချားလ်(စ်)။ ။ ရှိပါတယ်။ အရင်အစိုးရတုန်းက သံရုံးဖွင့်လှစ်ဖို့ ပြောဆိုထားတာရှိတယ်။ နိုင်ငံရေးအပြောင်းအလဲတွေကြောင့် စောင့်ပါအုံးလို့ အကြောင်းပြန်တယ်။ နောက်တက်မယ့်အစိုးရနဲ့ ဆက်ပြီးဆောင်ရွက်သွားမှာပါ။

**မဇ္ဈိမ။ ။ မြန်မာနိုင်ငံအတွက် စကားလက်ဆောင်လေး ပြောပေးပါအုံး။**

Paul ။ ။ မြန်မာနိုင်ငံအပေါ်စကားလက်ဆောင်ပါးချင်တာက နိုင်ငံအတွင်းမှာရှိတဲ့ကက်သလစ်ဘာသာဝင်တွေရောအခြားဘာသာဝင်တွေပါ စည်းလုံးညီညွတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါ။

ချားလ်(စ်)။ ။ ကက်သလစ်ဆိုတာ မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ ဘာသာတစ်မျိုးပါ။ ကက်သလစ်ဘာသာကိုသက်ဝင်ယုံကြည်တဲ့တိုင်းရင်းသား တွေအများကြီးရှိတယ်။ ကက်သလစ်က ဘာသာရေးကြီးဘဲ သီးသန့်မဟုတ်ဘဲ ပညာရေးစတဲ့ ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍတွေမှာပါ အနာဂါတ်မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေဖို့ ဆန္ဒရှိပါတယ်။

**မဇ္ဈိမ။ ။ ဆရာတော်နှစ်ပါးစလုံး ကျန်းမာပါစေ။ ကျေးဇူးတင်ပါတယ်။**

ဤတွေ့ဆုံးမေးမြန်းခြင်းကို **မဇ္ဈိမ** သတင်းဌာန၏ တွေ့ဆုံခြင်းဖြစ်၍ ဘာသာတူများသိစေရန် ထပ်ဆင့်ဝေမျှခြင်းဖြစ်ပါသည်။CBCM-osc





## KMSS နှင့်ပူးပေါင်းလုပ်ဆောင်နေသောကရုဏာအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံ အသီးသီးရှိ ကိုယ်စားလှယ်များတွေ့ဆုံခြင်း

နှစ်စဉ်ပြုလုပ်လျက်ရှိသော KMSS ရုံးနှင့် ပူးပေါင်းလုပ်ဆောင်နေသည့် ကရုဏာအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ ကရုဏာ ကိုယ်စားလှယ်အဖွဲ့များ၏သုံးကြိမ်မြောက် တွေ့ဆုံခြင်းကို ဖေဖော်ဝါရီ (၁၉-၂၁)ထိ ၂၉၂(က)ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန် မြို့ရှိ ကက်သလစ် ဆရာတော်ကြီးများ ကျောင်းတိုက်၌ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ကာဒီနယ်များလ်ဘို၊ ကရုဏာလုပ်ငန်း၏ ဥက္ကဌ ဆရာတော် Raymond Sumlut Gam၊ လားရှိုးဆရာတော် ဖီလစ် ဇဟောင်း၊ နိုင်ငံပေါင်း(၁၅)နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း(၂၄)ဦး၊ ကရုဏာရုံး အသီးသီးမှဒါရိုက်တာများ၊ ဖိတ်ကြားထားသူများ စုစုပေါင်း(၆၀)ဦး တက်ရောက်ခဲ့ကြပါ သည်။

အစည်းအဝေး၌ ကာဒီနယ်မှအဖွင့်အမှာစကားပြောကြားရာတွင် "မြန်မာနိုင်ငံမှာ လက်လှမ်းမီသလောက်လုပ်ဆောင်နေတဲ့ လက်ရှိကရုဏာ အဖွဲ့ အစည်းရဲ့လုပ်ဆောင်မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါတယ်၊ ပြောင်းလဲနေတဲ့ နိုင်ငံရေးအခြေအနေနဲ့အတူ ကရုဏာရဲ့ လူမှုရေးလုပ်ငန်းတွေကို လည်း တိုးတက်လုပ်ဆောင်နေတာကိုလည်း မြင်တွေ့နေရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပြီး ကျေးဇူးတင်ပါတယ်၊ ဒီ့ထက်ပိုပြီး လုပ်ဆောင်သွားနိုင်ဖို့ မျှော်လင့်ပါတယ်"ဟု မိန့်ကြားခဲ့ပါသည်။ ဆက်လက်၍ ကာဒီနယ်မှ အခြားအဖွဲ့အစည်းများမှ လူမြင်ကွင်းများ၌ လုပ်အားပေးနေချိန်တွင် ကရုဏာရုံး ဝန်ထမ်းများသည် လူသူအရောက်နည်းပါးသော မထင်မရှား နေရာများတွင် လုပ်ဆောင်နိုင်ခဲ့သည်ကို သက်သေခံပေးရန် အခြားအဖွဲ့များကို မေတ္တာရပ်ခံသွားကြောင်း သိရပါသည်။

အစည်းအဝေးတွင် အထူးဧည့်သည်တော်များအဖြစ် မိုးလေဝသ ပညာရှင် ဦးထွန်းလွင်မှ ရာသီဥတုဆိုင်ရာမိုးလေဝသအကြောင်း ကိုလည်း ကောင်း၊ သဘာဝဘေးအန္တရာယ်ကိုချစ်မြတ်နိုးသည့်အဖွဲ့မှ ဒေါ်ဒေဝီ သန့်စင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စောင့်ရှောက်ရန်အကြောင်း နှင့် မြန်မာ့နိုင်ငံရေးအခြေအနေအကြောင်း ကိုလည်းကောင်း၊ ဒေါ်ခင်မမမျိုးမှ လက်ရှိပြောင်းလဲနေသည့်နိုင်ငံရေးအခြေအနေအရပ်ရပ်ကိုလည်းကောင်း ရှုထောင့်အမျိုးမျိုးဖြင့် ခင်းကျင်းဟောပြောသွားခဲ့ကြပါသည်။

ထိုသို့ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များအမှာ အဖွဲ့အစည်းများနှင့် လုပ်ကိုင်ရာတွင် နိုင်ငံရေးအခြေအနေများကိုကောင်းမွန်စွာနားလည်လေ့လာ နိုင်ရန်၊ တကူးတကားသီးခြားရှာဖွေခြင်းထက် ယခုလက်ရှိ အခွင့်အရေးကို ကြုံဆုံခိုက် အဓိပ္ပါယ်ရှိရှိပိုမိုသိရှိစေရန် ပညာရှင်များကိုဖိတ်ခေါ်၍ ဟောပြောခဲ့ခြင်းဖြစ်သည် ဟုလည်းသိရပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ကရုဏာတစ်ခုလုံး၏ လုပ်ဆောင်ချက်လုပ်ငန်းများ၊ ရလဒ်များ၊ အောင်မြင်မှုများကို အစည်းအဝေးတွင် ပါဝင်သောအဖွဲ့သားများသို့တင်ပြခဲ့ပါသည်။ ထိုအဖွဲ့များထဲတွင်မြန်မာနိုင်ငံရှိ ကရုဏာရုံးများသို့ ငွေကြေးထောက်ပံ့ပေးနေသော အဖွဲ့အစည်းများ(၉၀) ရာခိုင်နှုန်းပါဝင်ကြောင်းသိရပါသည်။ ထိုတင်ပြမှုတွင် တစ်နှစ်အတွင်းရရှိခဲ့သော KMSS၏ထူးထူးခြားခြားအောင်မြင်မှုအဖြစ် ဘဏ္ဍာရေးမူဝါဒ၊ လူ့အရင်း အမြစ်ပိုင်းဆိုင်ရာမူဝါဒများကို KMSS ရုံးတွင် ကျင့်သုံးရန် သဘောတူညီမှုနှင့် အသိအမှတ်ပြုခံထားရသောအောင်မြင်မှု မူဝါဒများအဖြစ်လည်း ခင်းကျင်းပြသ နိုင်ခဲ့ပါသည်။

ထိုသို့တင်ပြနိုင်ခြင်းဖြင့် နိုင်ငံအသီးသီးရှိ အဖွဲ့အစည်းများ နှင့် ရှေ့ဆက်လုပ်ဆောင်ရာတွင် KMSS ၏ မူပိုင် မူဝါဒများကို နားလည်လာကာ ပူးပေါင်းပါဝင်လုပ်ဆောင်ရာတွင် အဆင်ပြေစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကိုလည်းသိရပါသည်။

National Office ၏ အခန်းကဏ္ဍအနေဖြင့် မြန်မာနိုင်ငံအဆင့်တွင် အောင်မြင်မှုများရရှိခဲ့သည်မှာ National ရုံး၏ ဦးဆောင်မှုကြောင့်ဖြစ်၍ အာရှ အဆင့်တွင် လူကုန်ကူးခြင်းဆိုင်ရာလုပ်ငန်းများ ဦးဆောင်လုပ်ကိုင်မှု၊ ဆရာဦး ဝင်းထွန်းကြည်ကို အာရှဒေသတစ်ခုလုံးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ပြီးလုပ်ငန်းလုပ်ဆောင်မှု၊ ပညာရေးလုပ်ငန်း လုပ်ဆောင်မှုတွင် ကျောင်းပြင်ပ ရောက်နေသောကလေးများမှ ကမ္ဘာ့အဆင့် တစ်မိနစ်စာဗီဒီယိုများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပထမဆုနှင့် ဒုတိယဆု ရရှိသွားသည့် အောင်မြင်မှုများကို လက်တွေ့စာတွေ့ရှင်းလင်းပြသခဲ့ကြောင်း ကရုဏာရုံးမှ Ma Claudia ထံမှသိရှိ ရပါသည်။

(CBCM-osc)

## လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု အခြေခံသင်တန်း

လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု အခြေခံသင်တန်း (Social Cohesion) သင်တန်းကို ရှမ်းပြည်နယ်၊တောင်ကြီးမြို့ "မင်းကံကောင်း" စားသောက်ဆိုင်တွင်(၂၀-၂၁၊၂၊၂၀၁၆)နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။ ရိုးမအလင်းအဖွဲ့ ဆရာစိုင်းဘိုဘိုက ကြီးကြပ်ပေးကာ ဆရာမဒေါ်နန်းမိုမိုသီတာမှ သင်ခန်းစာများကိုအဓိကပို့ချပေးခဲ့သည်။ ဤသင်တန်းသည် ရှမ်းပြည်နယ်ရှိ အဖွဲ့ အစည်းအသီးသီးမှလည်း တက်ရောက်ခဲ့ကြသည့်အပြင် စေတမန်သီလရှင် (၂)ပါးနှင့် စစ္စတာရဲလောင်းတစ်ပါးလည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များမှာလူမှုကွန်ယက်တွင် တွေ့ကြုံနေရသော အခက်အခဲများပြဿနာများ တိကျမှန်ကန်စွာ ဖြေရှင်းနိုင်ရန်၊ လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုအင်အား ပိုမိုတောင့်တင်းလာရန် နှင့်လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုအားနားလည်သဘောပေါက်လာစေရန်ဖြစ်သည်။ သင်တန်းတွင်ပါဝင်သောသင်ခန်းစာများမှာ

(၁)လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုအား နားလည်သဘောပေါက်ခြင်း

(၂)လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု၏ အစိတ်အပိုင်းများ

(၃)ကိုယ်ပိုင်လက္ခဏာပုံတူကားချပ်အယူအဆများနှင့်တစ်ဖက်သတ် အစွဲအလန်းများ

(၄)လူ့အခွင့်အရေးနှင့်လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု

(၆)ပဋိပက္ခနှင့်ဆူပူအကြမ်းဖက်မှု

(၇)ပဋိပက္ခနှင့်ဆူပူအကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းသည့်ပုံစံများ

(၈)ပဋိပက္ခနှင့်ဆူပူအကြမ်းဖက်မှုကို ဆန်းစစ်လေ့လာခြင်းနှင့် ပဋိပက္ခဖြစ်ရခြင်း၏အကြောင်းအရင်းများ

(၉)ပဋိပက္ခဖြစ်နိုင်ခြေအားနားလည်သိရှိတုန့်ပြန်မှု

(၁၀)ရပ်တည်ချက်များနှင့်လိုလားချက်များ

(၁၁)ပဋိပက္ခအသွင်ကူးပြောင်းမှုအဆင့်များ

(၁၂)အခြေအနေလေ့လာဆန်းစစ်ချက်

(၁၃)ပါဝင်ပတ်သက်မှုများ လေ့လာဆန်းစစ်ချက်

(၁၄)ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန်အတွက် လူမှုကျွမ်းဝင်ရင်းနှီးမှု ပေါင်းစပ်မှု

(၁၅)လူမှုကျွမ်းဝင်ရင်းနှီးမှုလုပ်ငန်းတွင်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

စစ္စတာရဲမိုးမိုးအေးမှ "လူမျိုးမတူဘာသာခြားသူစိမ်းများနှင့်မည်သို့ဆက်ဆံရမယ်၊ပဋိပက္ခတစ်ခုဖြစ်လာရင် အကြမ်းမဖက်ပဲ ဘယ်လိုဘယ်ပုံဖြေရှင်းရမယ်၊ စီမံကိန်းဒီဇိုင်းဘယ်လိုရေးဆွဲရမယ်၊ ပဋိပက္ခသစ်ပင်ကိုဘယ်လိုပုံဖော်ရေးဆွဲမယ်စသည်တို့ကိုသိရှိလာတယ်။ သင်တန်းထဲမှာရပ်ရွာပြဿနာ၊ ကိုယ်ပိုင်ပြဿနာတို့ရဲ့အဖြေကို ဝိုင်းဝန်းဖြေရှင်းကြတာ ပျော်စရာကောင်းပါတယ်" ဟု ပြောကြားသွာပါသည်။ ( Benadetta)





## Level (2) ECE- TOT သင်တန်း ကက်သလစ်ပညာရေးကော်မရှင်၏ ဘော်ဒါကျောင်းများမှတာဝန်ရှိသူများအတွက်ပြုလုပ်သောအရည်အသွေးမြှင့်သင်တန်းအမှတ် (၂)

ကက်သလစ်ပညာရေးကော်မရှင်အဖွဲ့CBCM-ECEမှပြုလုပ်သော TOT သင်တန်းကို ဖေဖော်ဝါရီလ (၁၅-၁၉)ရက်နေ့ထိ ရန်ကုန်CBCM တွင် ဖွင့်လှစ်ခဲ့ပါသည်။ သာသနာအသီးသီးမှ Head Directorများ၊ ဘော်ဒါအုပ်စစ္စတာရ်များ၊ ဘော်ဒါထိန်းဆရာ၊ဆရာမများပါဝင်တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ကက်သလစ် ဘော်ဒါကျောင်းများ အရည်အသွေးပြန်လည်မြှင့်တင်နိုင်ရန်ဖြစ်သည်။ ၎င်းသင်တန်းသို့ သာသနာအသီးသီးမှနည်းပြ(၂)ဦးနှင့် အထက်တက်ရောက်နိုင်ပြီး သင်တန်းတက်ရောက်သောနည်းပြဆရာများသည်မိမိသာသနာတွင်အနည်းဆုံး(၃)နှစ်ပြန်လည် ဆက်ကပ်ရန်နှင့်နယ်အသီးသီးရှိဘော်ဒါကျောင်းများတွင်ဆင့်ပွားသင်တန်းပေးခြင်း၊ ကွင်းဆင်းလေ့လာခြင်းများပြုလုပ်ရန်၊ကွင်းဆင်းလေ့လာရာတွင်လည်းတာဝန်ခံ၊ဆရာ/ဆရာမများ၊ ကျောင်းသားများစားဖိုမှူး နှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး စသည့် ဧရိယာ(၅)ခုတို့ကို တိုင်းတာလေ့လာရန်တို့ဖြစ်သည်။ ၎င်းသင်တန်းသို့ ဘုန်းတော်ကြီး(၉)ပါး၊ စစ္စတာရ်(၁၂)ပါး၊ ဘရာသာရ်(၁)ပါး၊ ဆရာ/ဆရာမ(၄)ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း ECE ရုံးချုပ်မှသိရသည်။

၎င်းသင်တန်းသို့တက်ရောက်သူ Sr. RamondaHla မှ "ယခုသင်တန်းကိုဒီတစ်ခါနဲ့ဆိုရင်(၂)ခါတက်ဖြစ်သွားပါပြီ။ ဖယ်ခုံသာသနာကိုယ်စားလှယ် တစ်ယောက်အနေနဲ့ လာတက်တာပါ။ အရင်နှစ်ဒီသင်တန်းတက်ပြီးကတည်းကECEရုံးချုပ်က မအိုင်းမေရီနဲ့ ဖယ်ခုံမှာရှိတဲ့နယ်တွေမှာဆင့်ပွားသင်တန်း ပေးဖြစ်တယ်။ နယ်တွေမှာရှိတဲ့ ဘော်ဒါဆောင်တွေကိုလည်းကွင်းဆင်းစစ်ဆေးခဲ့တယ်။ ကျွန်မကိုယ်တိုင်လည်း ကလေး တစ်ရာကျော်တဲ့ ဘော်ဒါတစ်ခုမှာ ဘော်ဒါအုပ်တာဝန် ထမ်းဆောင်ခဲ့တယ်။ သူတို့ပေးခဲ့တဲ့ နည်းစနစ်တွေကိုအသုံးချခဲ့တယ်။ အောင်မြင်သလောက်တော့ရှိတယ်။"ဟု ပြောပြခဲ့ပါသည့်အပြင် "ယခုနှစ်တွင်လည်း TOT အရည်အသွေးမြှင့်သင်တန်း ထပ်တက်ခွင့်ရသည့်အတွက် ဝမ်းသာလို့ ယခုသင်တန်းမှာပေးသည့်စနစ်များကိုကောင်းကောင်းမွန်မွန် အသုံးချရင် ထပ်ဆင့်အောင်မြင်မှုရရှိလိမ့်မယ်လို့ ယုံကြည်သည်"ဟု ပြောပြခဲ့ပါသည်။

ဆက်လက်၍သင်တန်းတက်ရောက်သူMsgr. A.Dereh မှလည်း "ကျွန်တော်ကတော့ ၂၀၁၂ ကတည်းက တောင်ကြီးသာသနာ ကိုယ်စားအနေနှင့်ဒီပညာရေးကော်မရှင်အဖွဲ့နှင့်အချိတ်အဆက်ရှိခဲ့တယ်။ သူတို့ပေးတဲ့ သင်တန်း၊ အစည်းအဝေးတွေ တက်ရောက် ခဲ့ပါတယ်။ တောင်ကြီးသာသနာမှ ဖယ်ခုံသာသနာခွဲလိုက်တဲ့နောက် ဖယ်ခုံပညာရေး ကော်မရှင်တာဝန်ခံအဖြစ်နဲ့ ဆက်လက်တာဝန် ထမ်းဆောင်နေပါတယ်။ ဒါပေမဲ့ TOT သင်တန်းကိုတော့ ဒါပထမဆုံးအကြိမ်ပါပဲ။ အရင်တုန်းက ဒီအဖွဲ့ဟာပညာရေး ကော်မရှင်အဆင့်ပဲရှိသေးတယ်။ အခုဆိုရင် တော်တော်လေးကျယ်ပြန့်လာပါပြီ။ တစ်နိုင်ငံလုံးမှာရှိတဲ့ ပညာရေးကော်မရှင်အဖွဲ့တွေနှင့်အလုပ်လုပ်လာပြီ။ အားရတယ်၊ ကျွန်တော်လည်း ECE ကပေးတဲ့ စနစ်တွေကို လက်တွေ့အသုံးပြုပါတယ်။ Evangeligation through education ဆိုသလိုပေါ့ ဘာသာခြားကလေးတွေကို ဘော်ဒါမှာ လက်ခံတယ်၊ အဘက်ဘက်မှာ ဘဝနိမ့်ကျနေသေးတဲ့ ကလေးတွေကို လက်ခံပေးပါတယ်။ ကျွန်တော်တို့ ဖယ်ခုံသာသနာမှာလာမယ့်နှစ်မှာ ECEရုံးချုပ်မှကိုယ်ပိုင်ကျောင်းတစ်ကျောင်း ဖွင့်ဖို့ရန်ရှိတယ်၊ ပြောင်းလဲမယ့် ပညာရေးစနစ်ကို အမီလိုက်ဖို့ အများကြီးကြိုးစားလိုက်ရမှာကို စိုးရိမ်ကြောင်း" ဟု ပြောကြားခဲ့ပါသည်။

၎င်းအပြင် ဖေဖော်ဝါရီ (၂၂-၂၄) ထိ EDM ပံ့ပိုးမှုဖြင့် ပထမသင်တန်း၏ရည်ရွယ်ချက်နှင့်အညီECEအဖွဲ့ ဦးဆောင်သောသင်တန်းတစ်ခုကိုထပ်မံဖွင့်လှစ်ခဲ့သည်။ ၎င်းသင်တန်းတွင် ပို့ချသော အချက်အလက်များမှာ ကောင်းသောဘော်ဒါကျောင်း၏သွင်ပြင်လက္ခဏာများ၊ ဘော်ဒါကျောင်း၏အဓိပ္ပါယ်၊ စံပြဘော်ဒါကျောင်းကိုရေးဆွဲခြင်း၊ ဘော်ဒါ ထိန်းတစ်ယောက်တွင်ရှိရမည့်အရည်အချင်းများ၊ ဘော်ဒါကျောင်း၏ ရည်မှန်းချက်၊ ကလေးများ ဘော်ဒါကျောင်းနှင့်အိမ်တွင်နေခြင်း၏ အားနည်းနှင့် အားသာချက်၊ မိဘများက မိမိတို့၏ သားသမီးများကို ဘော်ဒါကျောင်းတွင် ထားရခြင်း၏ ရွယ်ချက်များ၊ ကလေးတိုင်း၏တန်ဖိုး၊ ကလေးများ၏ အဓိက လိုအပ်မှု၊ ကလေးများ၏ဖွံ့ဖြိုးတိုးတက်မှု၊ ကလေး၏အခွင့်အရေး/ဥပဒေ/ ကာကွယ်စောင့်ရှောက်မှု စသည်တို့ကို အဓိကပို့ချပေးကြောင်း သိရှိရ ပါသည်။

(CBCM-osc)

## BFF သမ္မာကျမ်းစာဦးဆောင်သူများသင်တန်း

B F F သမ္မာကျမ်းစာဦးဆောင်သူများသင်တန်းကိုရန်ကုန် CBCM Bible ကော်မရှင်မှ ဦးဆောင်၍ မြစ်ကြီးနားမြို့၊ အေဒင်ရပ်ကွက်ရှိ စိန်လုကာဓမ္မသင်တန်းကျောင်းတွင် ဖေဖော်ဝါရီ (၁၅ မှ ၁၉) ထိဖွင့်လှစ် ခဲ့ပါသည်။

သင်တန်း၏ ရည်ရွယ်ချက်မှာ သမ္မာကျမ်းစာအခြေခံ သင်တန်းပြီးသူများအား ပို၍အရည်အချင်း မြှင့်တင်စေရန်နှင့်သင်တန်းသားများအား သမ္မာကျမ်းစာဝေမျှခြင်းလုပ်တတ်ရန်၊ လက်တွေ့ဘဝတွင်သမ္မာကျမ်းစာဖြင့်နေတတ်ရန်၊ အသင်းတော်၏ခေါင်းဆောင်ဟူသည်အဘယ်နည်းဆိုသည်ကိုပိုမိုသိရှိလာစေရန်စသည်တို့ဖြစ်သည်။ သင်တန်းကာလအတွင်းသင်တန်းသားများမှ နေ့စဉ် သက်သေခံခြင်းပြုလုပ်ရာ အချို့သောသက်သေခံခြင်း မှာ အလွန်ကောင်းမွန်ပြီးစိတ်ဝင်စားဖွယ်ကောင်းလှပါသည် ဟုသိရပါသည်။

ထိုသင်တန်းတွင် တတ်ရောက်ခဲ့ကြသော သင်တန်းသားများသည် ပထမတွင် စိတ်ဝင်စားမှုနည်းသော်လည်း နောက်ပိုင်းတွင် စိတ်အားထက်သန်စွာဖြင့်ပါဝင်လာကြသည်ဟုလည်းသိရှိရပါသည်။

သင်တန်းကိုပို့ချပေးခဲ့သော Fr.Bosco မှ "ဒီသင်တန်းကိုပေးရတာအရမ်းကို ကျေနပ်အားရပါတယ်၊ အောင်မြင်ပျော်ရွှင်စွာနဲ့လည်း ပြီးဆုံးခဲ့ပါတယ်။" ဟုပြောကြားခဲ့ပါသည်။

B F F သမ္မာကျမ်းစာဦးဆောင်သူများသင်တန်းသို့ ရဟန်းဖြစ်သင်ကျောင်းမှကိုရင်(၁၁)ပါး၊ စိန်ဖရန်းစစ်ဇေးဗီးယားဂိုဏ်းမှ စစ္စတာလောင်း(၄)ပါး၊ ဓမ္မသင်တန်းကျောင်းမှ သင်တန်းသားများဖြင့် စုစု ပေါင်းအယောက်(၉၀) တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။ (CBCM-osc)




## သေဒဏ်စီရင်ချက်ကိုဖျက်သိမ်းပစ်ရန်ရဟန်းမင်းကြီးမေတ္တာရပ်ခံ

ခရစ်ယာန်များအားလုံးနှင့် စိတ်ကောင်းရှိသူများ အနေဖြင့် သေဒဏ်စီရင်ချက်ကို ဖျက်သိမ်းရန်ကြိုးစားသကဲ့သို့ အကျဉ်းထောင်၏ အခြေ အနေကိုလည်း တိုးတက် ကောင်းမွန်လာအောင် တောင်းဆိုသင့်ကြောင်း၊ အကျဉ်းသားများ၏ လူ့တန်ဖိုးကိုလေးစားသင့်ကြောင်း၊ အစိုးရမင်းများအနေဖြင့် နိုင်ငံတကာ သဘောတူညီမှု စာတမ်းများ၌ သေဒဏ်စီရင်ချက်ကို ဖျက်သိမ်းရန်တင်ပြ ဆွေးနွေးသင့်ကြောင်း၊ ကက်သလစ် နိုင်ငံ့ခေါင်းဆောင်များအားလည်း သေဒဏ်စီရင်ချက်ကို သတ္တိရှိရှိ စံပြအဖြစ် ယခုနှစ် ဘုရားသခင်၏သနားခြင်းကရုဏာနှစ်တွင် ရပ်တန့်ကြရန်၊ ဤသို့ပြုလုပ် ခြင်းသည် လူမှုအသင်းအဖွဲ့အား တရားဝင် ကာကွယ်ရာလည်းရောက်ကြောင်း မျှော်လင့်ချက်၏ လင်းရောင်ခြည်လည်း ဖြစ်ကြောင်း၊ လူမှုအသင်း အဖွဲ့အနေဖြင့် ပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အခြားသောနည်းများစွာရှိကြောင်း၊ တရားမျှတခြင်းဟုဆိုသော်လည်း ဘုရားသခင်နှင့် လူမှုအသိုင်းအဝိုင်း၏ သဘောထားကိုလည်း နားစွင့်ရန်လိုအပ်ကြောင်း၊ ဘုရားသခင်၏လူ့အသက်ကိုမသတ်ရဟူသောပညတ်တော်သည် အကြွင်းမဲ့တန်ဖိုးရှိပြီး ထိုပညတ်တော်သည် ပြစ်မှုမကျူးလွန်သူနှင့် ကျူးလွန်သူနှစ်စုလုံးကို ကာကွယ်ပေးထား၍၊ ဘုရားသခင်ပေးထားသော အသက်ကို အဘယ်သူမျှ ရုတ်သိမ်းခွင့်မရှိကြောင်း ရဟန်းမင်းကြီးအရှင်သူမြတ်က စိန်အီဂျီးဒီအိုအဖွဲ့မှဦးစီး၍ (၂၂၊ ၂၊၂၀၁၆)တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသေဒဏ်စီရင်ချက်ဖျက်သိမ်း ရေးဆိုင်ရာဆွေးနွေးပွဲနှင့်စပ်လျင်း၍ (၂၁၊၂၊၂၀၁၆)တနင်္ဂနွေနေ့ အန်ဂျေလူး ဆုတောင်းမေတ္တာမရွတ်ဆိုမည် တိုက်တွန်းခဲ့ကြောင်း ဗာတီကန်ရေဒီယို မှ သိရပါသည်။ (ကိုပိုက်)

## ပြည်သူလူထုအခြေပြု မိသားစုကျန်းမာရေးပညာပေးစီမံချက်လုပ်ငန်းလုပ်ဆောင်ခြင်း

M-CHAN

ပြည်သူလူထုအခြေပြု မိသားစုကျန်းမာရေး ပညာပေးစီမံချက် လုပ်ငန်းအစည်းအဝေးကို ရွှေပြည်သာသာသနာ၊ မြကျွန်းသာကျေးရွာတွင် ရွှေပြည်သာ သာသနာမှ ဘုန်းတော်ကြီးဂျော့ချ်ဖေမန်နှင့် ဓမ္မဆရာမ ထရေဇာတို့ ဦးဆောင်၍ (CBCM-M-CHAN)ရုံးမှ ဝန်ထမ်းများဖြစ်သော မဂျူလီယာ (Coordinator)၊ မမော်နီကား(Program Incharge)၊ ကော်နီ (စေတနာ့ဝန်ထမ်း USA)တို့မှ ကျေးရွာသူကျေးရွာသားများနှင့်အတူ ပြုလုပ်ခဲ့ပါသည်။ ၎င်းကျေးရွာတွင်အိမ်ခြေ(၁၇၀)ရှိ၍ လူဦးရေ(၆၀၀)ရှိကြောင်း ကျေးရွာလူကြီးဦးစိန်အောင်မှ ပြောပြခဲ့ကြောင်းသိရပါသည်။

M-CHAN ရုံး၏ Coordinator မဂျူလီယာမှ အစည်းအဝေးပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် မည်သည့်အရာများ လုပ်ဆောင်ရမည်နှင့် ရွာ၏အခြေအနေအကြောင်းအရာ အချက်အလက်များ၊ ကျန်းမာရေးဖွံ့ဖြိုးမှုများကို သိရှိရန် ပဏာမကွင်းဆင်း လေ့လာခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ဆက်လက်၍ M-CHAN ရုံး၏ အဓိက လုပ်ဆောင်ချက်ဖြစ်ပြီး ယခုလတ်တလောလုပ်ဆောင်ပေးနေသော လူသား၏လိင်ပိုင်းဆိုင်ရာနှင့် အကောင်းမြင်တည်ဆောက်မှုလုပ်ငန်း၊ HIV လုပ်ငန်းနှင့် ပက်သက်သည့်လုပ်ငန်းများ၊ Couple relationship ကျန်းမာရေး ပညာပေးလုပ်ငန်းများ အကြောင်းကိုလည်း ရှင်းပြခဲ့ကြောင်း သိရပါသည်။

ကျေးရွာသူကျေးရွာသားများမှလည်း ပညာပေးလုပ်ငန်းများကို နားမလည်သဖြင့် မည်သည့်အရာများလုပ်ဆောင်ရမည်ကိုသိလို၍ မေးမြန်းမှုများပြုခဲ့သောကြောင့် ဆရာမမော်နီကားမှ ထိုလုပ်ငန်းသည် မိခင်နှင့်ကလေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်ကြောင်း၊ ဆင်းရဲမွဲတေမှုကြောင့် မိခင်နှင့် (၅) နှစ်အောက်ကလေးများသေဆုံးမှု၊ ကမ္ဘာတွင် အမျိုးသမီးရောဂါနှင့် အမျိုးသမီးများသည် နှစ်စက္ကန့်လျှင်တစ်ယောက်နှုန်း သေဆုံးနေကြပြီး ငါးနှစ် အောက်ကလေးများသည်လည်း သုံးစက္ကန့်လျှင်တစ်ယောက် သေဆုံးနေ ကြရသဖြင့် ယခုကဲ့သို့ သေနှုန်းများမြင့်မားနေသည့် အန္တရာယ်များကို လျော့ ချနိုင်စေရန် ၎င်းရွာတွင် စီမံချက်ချ၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကာ အဓိကအားဖြင့် ပညာပေးလုပ်ငန်းဖြစ်သည့်အကြောင်း ရှင်းပြခဲ့ပါသည်။ ကျေးရွာသူ၊ကျေးရွာသားများမှလည်း မိမိတို့ရွာတွင် ကလေးမွေးဖွားမှုနှုန်းမှာ တစ်နှစ်လျှင် (၁၀)ယောက်ခန့်ရှိပြီး လူဦးရေမှာ ကလေးလူဦးရေပိုများကြောင်းသိရသည်။

အစိုးရဘက်မှ ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင်သားဖွားဆရာမများသည် တစ်လလျှင်တစ်ကြိမ်၊ နှစ်ကြိမ်လာကြသော်လည်း အဓိကအားဖြင့် ကလေးများအတွက် ကာကွယ်ဆေးထိုးပေးချိန်နှင့် ကိုယ်ဝန်ဆောင်များအား သံဓါတ်အားဆေးပေးရန်အချိန်မှလွဲ၍ ကျန်သောအပိုင်းများတွင် အားနည်းမှုများရှိနေကြောင်း ပြောပြခဲ့သည်ကိုလည်း သိရပါသည်။

ထိုစီမံချက်ကို M-CHANရုံးမှ (၁၅၊၂၊၂၀၁၆)နေ့မှစ၍ တစ်နှစ် တိတိလုပ်ဆောင်သွားမည်ဖြစ်ပြီး တစ်လလျှင် (၂)ကြိမ် လုပ်ငန်း ဆွေးနွေးမှုများပြုလုပ်ပြီး နောင်တွင် ရွာ၏ခေါင်းဆောင်များထဲမှ အဖွဲ့ခေါင်းဆောင်များ၊ စေတနာ့ဝန်ထမ်းများ ရွေးချယ်၍ လက်ဆင့်ကမ်းပညာသင်ပေးကာ တစ်နှစ်ပြည့်ပြီး ကိုယ်တိုင်ရပ်တည်နိုင်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်ရန် ပျိုးထောင်လိုသောရည်ရွယ်ချက်ဖြင့် လာရောက်ကြကြောင်းရှင်းပြခဲ့သည်ကို M-CHAN ရုံးမှသိရပါသည်။ (CBCm-osc)

## St. Valentine’s နေ့အမှတ်တရအဖြစ် M-CHAN ရုံး ဝန်ထမ်းများမှလူနာများထံသို့သွားရောက်လှူဒါန်းခြင်း

M-CHAN ရုံး၏ ဝန်ထမ်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများသည် (၁၄၊၂၊၂၀၁၆) နေ့တွင် လှိုင်သာယာမြို့နယ်၊ ဒိုင်စုကျေးရွာရှိ လူနာများထံသို့ သွားရောက်ကြည့်ရှုလှူဒါန်းခဲ့ကြကြောင်းသိရပါသည်။ ထိုသို့သွားရောက်လှူဒါန်းရာတွင် လူနာမျိုးစုံများထဲမှHIV Positive ရောဂါဝေဒနာခံစားနေရသူတစ်ဦးအား လိုအပ်သောကုသမှုများ ပြုလုပ်နိုင်ရန် ညွှန်ကြားမှုနှင့်အကြံပေးမှုများပြုလုပ်ခဲ့သည့်အပြင် အရင်းအနှီးငွေအဖြစ် တတ်စွမ်းသ၍ ပေးကမ်းခဲ့ကြောင်းသိရပါသည်။

လူနာများမှာ အာဟာရချို့တဲ့သူများရှိပြီး ဆေးရုံဆေးခန်းသို့သွားရောက်ရန်ပင် ငွေကြေးအင်အား နည်းပါးကြ၍ ဆေးရုံ၊ ဆေးခန်းသို့ သွားရန် အဆင်မပြေကြောင်းသိရှိရပါသည်။ ထိုနေ့တွင်ပင် M-CHANရုံး၏ ဝန်ထမ်းတစ်ဦးဖြစ်သူ မဟေမာလွင် မှ လစဉ်သွားရောက်လှူဒါန်းနေကျဖြစ်သော မင်္ဂလာဒုံ ဆေးရုံသို့ သွားရောက်၍ ဆေးကုသမှုခံယူနေသော ကလေးငယ်များအား အစာအာဟာရများအပြင် စိန်ဗာလင်တိုင်းပွဲနေ့အထိမ်းအမှတ် အမှတ်တရ ကစားစရာ အရုပ်များကိုလည်းပေးအပ်လှူဒါန်းခဲ့သည်။ ကလေးငယ်များမှာ အလွန်ပင်ဝမ်းသာ ပျော်ရွှင်ကြကြောင်း သိရှိရပါသည်။

ထိုသို့ လှူဒါန်းမှုများပြုလုပ်နိုင်ရန် M-CHAN ရုံး၏ဝန်ထမ်းများနှင့်အခြားသော စေတနာရှင်များမှတစ်လလျှင်(၂၀၀၀)ကျပ် နှုန်းဖြင့် ပါဝင်ထည့်ဝင်ကြ၍ စုပေါင်းရရှိငွေများဖြင့် လှူဒါန်းကြခြင်းဖြစ်ကြောင်းကိုလည်း M-CHAN ရုံးမှသိရှိရပါသည်။ (CBCm-osc)





## ကျိုင်းတုံဆရာတော်ကြီးပီတာလွီးစ်ကျာရူမှ မိုင်းခတ်သာသနာနယ် သို့ ကြွရောက်ခြင်း

ကိုပိုက်



မိုင်းခတ်မြို့သည် ကျိုင်းတုံမြို့မှ မိုင်(၅၀)ခန့်ဝေး၍ ဂန်ထမ်းမြို့ဟု အလွယ်တကူသုံးနှုန်းလေ့ရှိကာ ရောင်စုံလက်နက်ကိုင်များ ခေတ်ကာလ၌ မြေဇာပင်ဖြစ်ခဲ့ရသော မြို့တစ်မြို့ ဖြစ်ပါသည်။ မိုင်းခတ်မြို့သည် ကျိုင်းတုံ သာသနာပိုင်ဖြစ်၍ စိန်ဂျိုးဇက်၏မိုင်းမမှုအောက်၌ အပ်နှံထားသည့် သာသနာ အုပ်စုဖြစ်ကာကျောင်းထိုင်ဘုန်းတော်ကြီးမှာဖာသာရ်ပီတာအိုက်လုံဖြစ်ပါသည်။ သာသနာအုပ်စု၌ မျှော်မြင်ခြင်းသီလရှင်(၄)ပါးတို့က ဘုရား၏အမှုတော် ထမ်းဆောင်လျှက်ရှိပါသည်။

သာသနာအုပ်စုသည် ရောင်စုံလက်နက်ကိုင်များ၏ဒဏ်ကို ခံခဲ့ရစဉ်၌ နယ်မြေအခြေအနေကြောင့် သိုးထိန်းနှင့်ဘာသာတူများ ထိတွေ့ရန် အလွန်ခက်ခဲစေကာ ဒေသခံဓမ္မဆရာများ၏ သက်စွန့်ဆံဖျား ဖေးမလမ်းပြမှုဖြင့် ရပ်တည်နေခဲ့ရသည်။(၁၉၉၀)မှသာပြန်လည်၍ သာသနာအုပ်စု၏ဖွဲ့စည်းပုံနှင့် အညီအစပြုခဲ့ရသည်။ သာသနာအုပ်စုကို ယခင်ပီးမေPIMEသာသနာပြု ဘုန်းတော်ကြီးများမှ ဦးစီးခဲ့၍ နောက်ပိုင်းဒေသခံ ဘုန်းတော်ကြီးများဖြစ်သော ဖာသာရ် အဲလ်ဘက်ပေါလ်စိုင်းခမ်း၊ ဖာသာရ်အက်ဒွတ်၊ ဖာသာရ်ဂျွန်ဘောစကို ယာဖျော၊ ဖာသာရ်ဂျွန်ဘောစကိုကျာကျို၊ ဖာသာရ်ပီတာအားနွေ၊ ဖာသာရ်ဂျွန်နီ ကျာတယ်နှင့် လက်ရှိကျောင်းထိုင်တို့က ဦးဆောင်ခဲ့ခြင်းဖြစ်ပါသည်။ မိုင်းခတ် သာသနာအုပ်စုသို့ သာသနာပိုင်ဆရာတော်ဘုရားသည် ယခုနှစ်အစပိုင်း၌၊ သာသနာပြုခရီးကိုကြွရောက်ခဲ့ပါသည်။

ထိုခရီးစဉ်နှင့်အတူ အသစ်ဆောက်လုပ်ပြီးစီးသွားသောကျောင်းထိုင် သီတင်းသုံးရာကျောင်းဆောင်သစ်ကို ကောင်းကြီးပေးဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့နောက် ပထမကိုယ်တော်မြတ် ပင့်ယူသော ကလေးများအား ကိုယ်တော် မြတ်ပင့်ယူစေခဲ့ပါသည်။ ဆရာတော်ကို ဘာသာတူများမှ လိုက်လှဲပျူငှာစွာ ခရီးဦးကြိုဆိုခဲ့ကြပါသည်။ ဆရာတော်ဘုရားနှင့်အတူဘာသာတူများအားလုံး ဘုရားကျောင်းသို့ဝင်၍ သာသနာအုပ်စုအတွင်း ဘုရားအမှုတော် ထမ်းဆောင် နေသောဘုန်းတော်ကြီး၊ သီလရှင်၊ ဓမ္မဆရာ၊မများ၊ ဘာသာဝင် သားသမီး တို့၏ ကာယနှင့်ဝိညာဉ် လိုအပ်သမျှ ကျေးဇူးတော်များအတွက် ဆုတောင်းခဲ့ ကြပါသည်။

ဆရာတော်ဘုရားသည် သာသနာအုပ်စုအတွင်း၌ရှိနေစဉ် ရပ်ဝေး ရပ်နီးမှ ဘာသာသူများနှင့် ရင်းနီးပွင့်လင်းစွာတွေ့ဆုံနှုတ်ဆက်အားပေးခဲ့ကာ ဘာသာသူများမှဘုရားသခင်၏သနားခြင်းကရုဏာနှစ်နှင့်စပ်လျဉ်း၍သိလိုသည့် အချက်အလက်များကိုမေးမြန်းခဲ့ကြသည်။ ယခုအခါ မိုင်းခတ်သာသနာအုပ်စုမှ ဘုရားအမှုတော်ဆောင် စစ္စတာရ်များ၊ စစ္စတာရ် လောင်းများ မွေးဖွားလာပြီဖြစ် သကဲ့သို့ ဘွဲ့ရလူငယ်များ၊ သူနာပြုများစွာလည်း ပေါ်ထွန်းနေပြီဖြစ်ပါသည်။

ဆက်လက်၍ သာသနာအုပ်စုရှင်သန်တိုးတက်ရန်မှာ ဘုန်းတော်ကြီး တစ်ပါးတည်း(သို့)စစ္စတာရ်များ၏တာဝန်သာမဟုတ်သကဲ့သို့ ဘာသာသူများက အင်တိုက်အားတိုက်ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြရန်ကိုလည်းဆရာတော်ဘုရားမှ အားပေးမိန့်ကြားခဲ့ကြောင်း သတင်းရရှိပါသည်။

## လားရှိုးသာသနာလူငယ်များ၏အနုပညာလှုပ်ရှားမှု




လားရှိုးသာသနာလူငယ်များပါဝင်ဖွဲ့စည်းထားသောLUMENအဖွဲ့ သည်(၂၀၊၂၊၂၀၁၆)ရက်နေ့၌ လားရှိုးမြို့ ရပ်ကွက်(၁)ရှိဘက်သနီတက္ကသိုလ် အမျိုးသမီးဆောင်တစ်နှစ်ပြည့်အထိမ်းအမှတ် ဆုတောင်းပွဲတွင်စတိတ်ရှိုးဖြင့် ဖျော်ဖြေပေးခဲ့ကြောင်းသိရှိရပါသည်။

LUMENဟု အမည်ပေးထားသောတီးဝိုင်းစက်နှင့်တီးဝိုင်း အဖွဲ့သည် (၁၉၉၀)ဝန်းကျင်တွင် လားရှိုးသာသနာ၌ရှိခဲ့ပြီး လားရှိုးမြို့နှင့် ရှမ်းပြည်မြောက်ပိုင်းတစ်ခွင်တွင် လူသိများနာမည်ကြီးခဲ့၍ နှစ်(၂၀၀၀)ဝန်း ကျင်တွင်စက်ပစ္စည်းများထပ်မဖြည့်နိုင်ခြင်းနှင့်အတီးသမားများကိုမထိန်းသိမ်း နိုင်သဖြင့်LUMENစက်ပစ္စည်းနှင့်အတူတီးဝိုင်းအဖွဲ့ပျောက်ကွယ်ခဲ့သည်။

သို့သော်ဘုရားရှင်၏ကောင်းချီးတော်နှင့် လားရှိုးသာသနာလူငယ် များ၏ ကြိုးစားခြင်းဖြင့် ၂၀၁၅ ဒီဇင်ဘာလ (၆) ရက်နေ့၌ LUMEN STUDIO နှင့် LUMEN တီးဝိုင်းစက်အသစ်များကို အဖဆရာတော် ဖိလစ်ဇဟောင်း၏ ကောင်းချီးပေးဖွင့်လှစ်ခြင်းနှင့်အတူ တီးဝိုင်းအဖွဲ့နှင့်အဆိုရှင်များအဖွဲ့ကိုလည်း အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ LUMEN STUDIO တွင် တေးစီးရီးနစ်ခွေ စတင်သွင်းနေပြီဖြစ်ကြောင်းကိုလည်းသိရပါသည်။

ထိုတီးဝိုင်းအဖွဲ့သည် လားရှိုးသာသနာအတွင်းရှိဘာသာရေးပွဲတော် များတွင်သာမက မင်္ဂလာဆောင်ပွဲများ၊ တက္ကသိုလ်ကျောင်းပွဲများ၊ သင်တန်း ဆင်းပွဲများတွင်လည်း လူငယ်ရံပုံငွေရရှိရန်၊ တစ်ဖက်တစ်လမ်းမှ လူငယ်များ စည်းရုံး နိုင်ရန်နှင့် လူငယ်များ၏ အနုပညာအရည်အသွေး မြင့်မားလာစေရန် ရည်ရွယ်ပြီးဖျော်ဖြေရေးပွဲများကိုတာဝန်ယူကူညီလုပ်ဆောင်နေပြီဖြစ်ကြောင်း သိရှိရပါသည်။ **LUMEN** စကားလုံးသည် လာတင်းဘာသာစကားဖြစ်၍ အဓိပ္ပါယ်မှာ အလင်း ဟုဆိုလိုပါသည်။ **(BJ. LSO-osc)**





## လူငယ်များခရစ်ယာန်မိတ်သဟာရ ပထမ အကြိမ်တွေ့ဆုံ

မော်လမြိုင်လူငယ်များ၏ ခရစ်ယာန်မိတ်သဟာရ ပထမအကြိမ်တွေ့ဆုံခြင်းကို (၁၂၊၂၊၂၀၁၆) နံနက် (၉း၃၀)နာရီတွင် Holy Family Cathedral ၌ ကျင်းပပြုလုပ်ခဲ့ကာ ဆရာ Roger နှင့် Fr. Augustine Shwe တို့မှဦးဆောင်စီစဉ်ခဲ့ကြပါသည်။ တွေ့ဆုံပွဲတွင် အဖဆရာတော်ရေမွန် စောဖိုးရေမှ ဩဝါဒအမှာစကားမြွက်ကြားခဲ့ရာ "ဒီလိုတွေ့ဆုံခြင်းအားဖြင့် စုစည်းမှုကို ဖော်ပြတယ်။ နောက်ပြီးခရစ်ယာန် လူငယ်တွေပါဝင်ပူးပေါင်းဖို့ အားနည်း သေးတယ်။ Nation building နှင့် Peace building process မှာ ခရစ်ယာန် လူငယ်တွေ ပါဝင်ဖို့ လိုနေတယ်" ဟု မြွက်ကြား ခဲ့ပါသည်။



ထို့နောက်ဆရာ Mahn Palmerston မှ "ဤယနေ့ပြောင်းလဲနေသည့် တိုင်းပြည်နှင့်ကမ္ဘာကြီး၏ ချိန်ကာလတွင် အသက်ရှင်နေသော လူငယ်များ" ဆိုသည့်ခေါင်းစဉ်ဖြင့် ဝေငှပို့ချခဲ့ကာ လူငယ်များ စာများများဖတ်ရန် တိုက်တွန်းအားပေးခဲ့ပါသည်။ ဆက်လက်၍ ဆရာအောင်လေးဦးမှ "အနာဂါတ်ခရစ်ယာန်လူငယ်များ"ခေါင်းစဉ်ဖြင့် ဝေငှခဲ့ပြီး အနာဂါတ်တွင် လုပ်ဆောင်မည့် အရာများကိုလည်း တိုင်ပင်ဆွေးနွေး ပြောဆိုခဲ့ပါသည်။ ထိုအစီအစဉ်တွင် မော်လမြိုင်ရှိ ခရစ်ယာန်လူငယ်ကိုယ်စားလှယ် စုစုပေါင်း (၂၈)ယောက် တက်ရောက်ကာ ညနေ(၃း၃၀)နာရီတွင် အစီအစဉ်ကို အဆုံးသတ်ခဲ့ပါသည်။(Shwe MLM-osc)

## ရဟန်းတော်များခြောက်လပါတ်ဝတ်စောင့်ခြင်းနှင့် အစည်းအဝေး

ဖယ်ခုံဂိုဏ်းအုပ်ကက်သလစ်သာသနာရဟန်းတော်များခြောက်လပါတ်ဝတ်စောင့်ခြင်းနှင့်အစည်းအဝေးကို (၁၇-၁၈၊၂၊၂၀၁၆)ရက်နေ့ အသီဖယ်ခုံဂိုဏ်းအုပ်ဆရာတော်ကျောင်းတိုက်တွင်ပြုလုပ်ခဲ့ကြပါသည်။ ဝတ်စောင့်ခြင်းတွင် Fr.Julio Julielay Oo မှ Effective minister ဟူသော ခေါင်းစဉ်ဖြင့် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်စေခဲ့ပါသည်။ "ဒီဝတ်စောင့်ခြင်းမှာ မိမိကိုယ်ကို ဘယ်သူလဲ ဆိုတဲ့မေးခွန်းကို Physical, Psychological, Pastoral နှင့် Spiritualအဆင့်အထိ အဖြေပေးဖို့တွန်းအားပေးစေခဲ့တဲ့အတွက် ရှေ့ဆက်ဘဝအတွက် မိမိကိုယ်ကိုပိုသိစေခဲ့ပါတယ်"ဟု ဝတ်စောင့်ခြင်းတွင် တက်ရောက်သော Fr.Joseph Kace မှ pekhon osc သို့ပြောသွားပါသည်။ ၁၈၊၂၊၂၀၁၆ ညနေပိုင်းတွင်အစည်းအဝေးကိုဆက်လက်ကျင်းပရာ သာသနာတော်တိုးတက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးပညာရေးနှင့်သာသနာအသင်းအဖွဲ့ အသီးသီး၏ ဝတ်စောင့်ခြင်းအကြောင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက်သာသနာ၏ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းတွင်"သာသနာမှာအသင်းအဖွဲ့တွေဆီကနေခွန်အားအများကြီးရပါတယ်။ သာသနာလုပ်ငန်းမှာ သူတို့တွေရဲ့ အခန်းကဏ္ဍများများပေးနေတာကို တွေ့ရတော့ဝမ်းသာမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေပါဝင်မှုက သာသနာအတွက် ခွန်အားဖြစ်စေပါတယ်"လို့ Fr.Pasquale Kyaw Sein ကပြောကြားခဲ့ပါသည်။ အစည်းအဝေးကိုညနေ(၉း၁၀)နာရီတွင်ဆုတောင်းမေတ္တာဖြင့်ရုပ်သိမ်းခဲ့ပါသည်။ (PKN-osc)

## မိဘမဲ့ ဂေဟာတွင် စိန်ဗာလင်တိုင်းပွဲကျင်းပ

ကချင်ပြည်နယ် ပလလန ရပ်ကွက်ရှိ စိန်ဖရန်စစ်ဇေးဗီးယား မိဘမဲ့ဂေဟာတွင် ဖေဖော်ဝါရီလ(၁၄)ရက်နေ့ စိန်ဗာလင်တိုင်းပွဲ အထိမ်းအမှတ်အဖြစ် တပ်ကုန်းလူငယ်များမှ ပရဟိတလုပ်ငန်း သွားရောက်ပြုလုပ်ခဲ့သည်။ နံနက်(၁၀)နာရီခန့်တွင် တာဝန်ခံဘုန်းတော်ကြီး ဂျိုးဇက်ဝေါ့လှူယုံပါမှ အဖွင့်ဆုတောင်း ကောင်းကြီးပေးကာ စိန်ဗာလင်တိုင်းပွဲနေ့ ဖြစ်ပေါ်လာခြင်း သမိုင်းအကျဉ်းကို တပ်ကုန်းလူငယ်ဒုတာဝန်ခံ မေရီခေါန်အောင်မှ ရှင်းပြခဲ့ပါသည်။




ထိုအစီအစဉ်တွင် မိဘမဲ့ကလေးများအား အချင်းချင်း ဝိုင်းဝန်းကူညီတတ်ရန်၊ တစ်ဦးနှင့်တစ်ဦးမောင်နမရင်းသဖွယ် ချစ်ခင်တတ်ရန်၊ စိတ်ဓါတ်မကျရန်နှင့် အားလုံးသည်ဤဂေဟာ၏ အနာဂတ်ကြယ်ပွင့်များဖြစ်ကြောင်း အားပေးစကားပြောကြားခဲ့ပြီးသီချင်းဆိုပြိုင်ပွဲ၊ အားကစားပြိုင်ပွဲများ ကျင်းပခြင်းနှင့် စိန်ဗာလင်တိုင်းပွဲနေ့အထိမ်းအမှတ် ချောကလက်များ ပေးဝေခြင်းများဖြင့် မိဘမဲ့ကလေးများအား ပျော်ရွှင်ဖွယ်အချိန်များ ဖန်တီးပေးခဲ့ ကြသည် "ယခုလိုစိန်ဗာလင်တိုင်းပွဲနေ့မှာ စိတ်အားငယ်နေတဲ့ကလေးများကို ပျော်ရွှင်စေလိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအစီအစဉ်ကိုပြုလုပ်ဖြစ်တာပါ။ တကယ်တော့ စိန်ဗာလင်တိုင်းပွဲနေ့ဆိုတာ ချစ်သူတွေအတွက်သာမဟုတ်ပဲ၊ လူသား တိုင်း အချင်းချင်းချစ်ကြဖို့ သင်ကြားပေးတဲ့ရက်လေးပါ၊ မိဘမဲ့နေတဲ့ကလေးတွေကို ကျွန်မတို့လူငယ်တွေလည်း ချစ်ခင်ကြောင်းပြသခြင်း ဖြစ်ပါတယ်"ဟု တပ်ကုန်း လူငယ်ဒုတာဝန်ခံကပြောခဲ့ပါသည်။ တပ်ကုန်း လူငယ်အဖွဲ့၏မိဘမဲ့ဂေဟာသို့ သွားရောက်၍ပရဟိတလုပ်ငန်းလုပ်ဆောင်ခြင်းကို ၂၀၁၅ခုနှစ်နှင့် ယခုနှစ်(၂)ကြိမ်ပြုလုပ်ခဲ့ပြီး စားရေးကိရိယာများ၊ စားသုံး ကုန် ပစ္စည်းများဖြင့် ဆန်ပြုတ်တိုက်ကျွေးခြင်းနှင့်ငွေသားကျပ်(၂)သိန်းတိတိလှူဒါန်းခဲ့ကြပါသည်။ ယခုနှစ်တွင်မိဘမဲ့ကလေး(၂၀၀)ကျော် ပညာသင်ကြားနေကြောင်းသိရပါသည်။ ဇလီဇောက် မိုင်းမိုင် (MKN-osc)

(၅၀)ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့။ မေလ(၈)ရက်နေ့၊၂၀၁၆ ခုနှစ်

Communication amd Mercy: A Fruitful Encounter.

ဆက်သွယ်ခြင်းနှင့် သနားကရုဏာ၊ ကောင်းမွန်၍အသီးအပွင့်ဖြစ်စေသောတွေ့ဆုံခြင်း

ညောင်လေးပင်

# လုဒ်မယ်တော်သခင်မပွဲတော်



နှစ်စဉ် ကျင်းပမြဲဖြစ်သော ညောင်လေးပင်မြို့ ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော်ကို (၅-၁၃၊၂၊၂၀၁၆) ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ပွဲတော်သို့ ပုပ်ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော် Paul Tschang In-Nam၊ ရဟန်းအမတ်ကာဒီနယ်ချားစ်ဘိုနှင့် သာသနာအသီးသီးမှ ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ပါဝင်တက်ရောက်ခဲ့ကြပါသည်။








ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော်မှ အမှာစကား ပြောကြားရာတွင် "ဒီနေ့ညနေခင်းမှာ သင်တို့အားလုံးနဲ့အတူဒီနေရာမှာ ရှိနေရတာ အလွန်ပဲဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလိုလူတွေအများကြီးတွေ့ရတာလည်း ဝမ်းသာပါတယ်။ သင်တို့ဟာ ဘုရားကို တကယ်ချစ်တဲ့ သူတွေဖြစ်ပြီး ဘုရားသခင်ရဲ့ သားသမီးတွေဖြစ်နေပါတယ်။ သင်တို့အားလုံးကိုရဟန်းမင်းကြီး ပါပါးဖရန်စစ်ရဲ့ ဖခင်မေတ္တာတော်ကောင်းချီးမင်္ဂလာကို သွန်းလောင်း ပေးပါတယ်။ ဒီညနေမှာ သင်တို့အားလုံးကို လာရောက် တွေ့ဆုံ နိုင်အောင် အခွင့်အရေး ပေးပြီးဖိတ်ခေါ်တဲ့ကာဒီနယ်ချားစ်ဘိုကိုလည်း ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့အသင်းတော်ကြီးကို ဘုရားသခင်ရဲ့ကောင်းချီးမင်္ဂလာတွေ သွန်းလောင်းပေးသနားတော်မူခြင်းဟာ မြန်မာနိုင်ငံအတွက် ကျေးဇူးတော်ဆိုတာ မနက်ဖြန်မနက်ဦးပဥ္စင်းကြီး(၆)ပါးရဲ့ ရဟန်းသိက္ခာတင် အခမ်းအနားက သက်သေပြနေပါတယ်။

ရဟန်းဘဝခေါ်တော်မူခြင်း၊ သီလသည်တွေရဲ့ခေါ်တော်မူခြင်းဟာ ကျွန်ုပ်တို့ နယ်မြေခံအသင်းတော်အတွက် ဘုရားသခင်ရဲ့ကောင်းချီး မင်္ဂလာတော်တွေပဲဖြစ်ပါတယ်။ ကောင်းကင်ဘုံကနေမြတ်ဘုရားရှင်ရဲ့သွန်းလောင်းခဲ့တဲ့ ကျေးဇူးတော်တွေ အားလုံးအတွက် မြတ်ဘုရားရှင်ကို ကျေးဇူးတင်ချီးမွမ်းထောပနာပြုကြပါစို့။ အမိမယ်တော်သခင်မရဲ့တောင်းဆိုမှုတွေကြောင့် မြတ်ဘုရားရှင်ရဲ့ ကောင်းချီးမင်္ဂလာတော်သည် သင်တို့အပေါ်၌၄င်း၊ သင်တို့ မိသားစုအပေါ်သို့လည်းကောင်း၊ သင်တို့၏ချစ်မြတ်နိုးသောမိတ်ဆွေ တစ်ဦးစီအပေါ်သို့လည်းကောင်း သွန်းလောင်းပါစေလို့ မင်္ဂလာကောင်းချီး ပေးလိုက်ပါတယ်။ ချစ်သော ညီအစ်ကိုမောင်နှမအပေါင်းတို့ ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် သင်တို့တစ်ဦးစီအပေါ်သို့ သက်ရောက်ပါစေ၊ကျွန်ုပ် သင်တို့ အားလုံးကို ချစ်ပါ တယ်"ဟု မြွက်ကြားခဲ့ပါသည်။

၁၃၊၂၊၂၀၁၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းမှအမှာစကားပြောကြားရာတွင် ပဲခူးတိုင်းဒေသကြီး "ညောင်လေးပင်မြို့မှာကျင်းပပြုလုပ်တဲ့ (၁၁၄) ကြိမ်မြောက်ဆုတောင်းပြည့် လုဒ်မယ်တော်ပွဲတော်ကိုကြွရောက်လာကြသူ မိတ်ဆွေ အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ကောင်းမြတ်သောမင်္ဂလာအခါသမယ ဖြစ်ပါစေကြောင်းပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားအနေနှင့်သော်လည်းကောင်း၊ ဝန်ကြီးချုပ် အနေနှင့်သော်လည်းကောင်း၊ ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်လိုက်ပါတယ်။ဘာသာတရားဆိုတာလောကုတ္တရာအရေးမှအပလောကီရေးရာများနှင့် ပတ်သက်လာပါက လူသားများကို လိမ္မာဖို့၊ ယဉ်ကျေးဖို့၊ တစ်ဦးနှင့်တစ်ဦး မေတ္တာထားဖို့ တစ်ဦးအပေါ် တစ်ဦးခွင့်လွှတ်စာနာ ချစ်ခင်မြတ်နိုးစွာ ဆက်ဆံကြဖို့ ဆုံးမသွန်သင်ကြတဲ့ ဘာသာတွေပဲဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ခရစ်ယာန်ဘာသာဝင်များအတွက် တစ်နိုင်ငံလုံးကိုယ်စားပြုပြီး ညောင်လေးပင်မြို့မှာကျင်းပတဲ့ ဆုတောင်းပြည့်လုဒ်မယ်တော် သခင်မပွဲတော်ကို မြန်မာနိုင်ငံမှာရှိကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ အားလုံး စုစုစည်းစည်း စုပေါင်းကျင်းပကြတာလို့သိရပါတယ်။ နိုင်ငံတော်က ရည်မှန်းထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ညွှန်းတဲ့ပွဲ အဖြစ် အသိအမှတ်ပြုကြတာဖြစ်ပါတယ်။

ဒီနှစ်ဟာ ခရစ်ယာန်ဘာသာဝင်တို့အတွက် ဘုရားသခင်ရဲ့ သနားကြင်နာခြင်းဂျူဘီလီနှစ်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကလည်း တစ်ဦးနှင့်တစ်ဦးချစ်ကြည်ရင်းနှီးကြဖို့ မေတ္တာစေတနာထားကြဖို့၊ တစ်ဦးမှာ အပြစ်ရှိခဲ့လျှင်လည်းပဲ ခွင့်လွှတ်စာနာတတ်တဲ့စိတ်နဲ့နေထိုင်ကြဖို့ တိုက်တွန်းချင်ပါတယ်။ မေတ္တာစေတနာကရုဏာတွေထားပြီး ချစ်ကြည်ရင်းနှီးစွာပေါင်းသင်းဆက်ဆံမယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံကြီးဟာ အလွန်တစ်ရာအေးချမ်းသာယာလှပတဲ့ လောကနိဗ္ဗာန်ကြီးကို တည်ဆောက်နိုင်မှာပဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့ပါသည်။

ဆက်လက်၍ကာဒီနယ်ချာစ်ဘိုမှ"ညောင်လေးပင်ဆုတောင်းပြည့် လုဒ်မယ်တော်သခင်မပွဲတော်ကြီးကိုတတ်ရောက်ချီးမြင့်ပေးတဲ့ အဆွေတော် ပဲခူးတိုင်းဝန်ကြီးချုပ်နှင့်တကွ တိုင်းဒေသကြီးအတွင်းမှ ဌာနဆိုင်ရာများအားလုံးကို နွေးထွေးစွာ ထပ်မံပြီးတော့ကြိုဆိုပါတယ်။ နိုင်ငံတော် လုပ်ငန်းများထဲမှာမအားမလပ်တဲ့ကြားထဲကအချိန်ပေးပြီးကြွရောက်တဲ့အတွက်အထူး ကျေးဇူးတင်ပါတယ်။ မယ်တော်ပွဲကိုငြိမ်းချမ်းစွာနဲ့ ကျင်းပဖို့ စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဆွေတော် ဝန်ကြီးချုပ်အပေါ် ဘုရား

ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ သတင်းလွှာထုတ်ဝေခြင်း၏ ရည်ရွယ်ချက်များ

၁ * ဇေ၀ံဂလိ သတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောက်ရွက်နိုင်စေရန်၊ ၂* ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာ နောက်ဆုံးရ သတင်းများကို စာဖတ်သူထံသို့ အချိန်မှီ ပို့ဆောင်နိုင်ရန်၊ ၃* မြန်မာနိုင်ငံ CBCMကော်မရှင် အသီးသီး၊ သာသနာအသီးသီး၊ သူတော်စင် ဂိုဏ်းအသီးသီးတို့သည် နီးကပ်စွာ ဆက်သွယ်နိုင်စေရန်၊ ၄* မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လ တွင်နှစ်ခါ)အထူးသဖြင့်onlineဖြင့်ပေးပို့ရန်၊ ၅* အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကိုအထောက်အကူဖြစ်စေရန်၊

စာမျက်နှာ (၁၂ )မှအဆက်

## လုဒ်မယ်တော်သခင်မပွဲတော်

သခင်ရဲ့ ကောင်းချီးမင်္ဂလာတော်များသက်ရောက်ကာ ဆန္ဒအဝဝပြည့်စုံပြီး ဆုတောင်းပြည့် လုဒ်မယ်တော်ရဲ့ ကူညီဆောင်မမှုကို ခံစားရပြီးတဲ့နောက် ဆက်လက်ပြီး အများကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ဖို့ရန် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းပေးပါတယ်" ဟု မြွက်ကြားတော်မူခဲ့ပါသည်။

ထို့နောက် မစ္ဆားတရားတွင် ဦးပဉ္စင်းကြီး (၆) ပါးအား ရဟန်းသိက္ခာတင်ခြင်း အခမ်းအနားကျင်းပ ခဲ့ပါသည်။ ဦးပဉ္စင်းကြီးများဖြစ်ကြသော စောဟင်နရီ၊ဒေးဗစ်အေးမင်း၊ပီတာကွန်လျန်အုပ်၊သောမတ်စ်မိုးနိုင်၊ရောဘတ်ဝင်းသိန်း၊ ရောဘတ်ရဲဝင်း(၆)ပါးတို့သည် ကာဒီနယ်ကြီးချားစ်ဘို၏ လက်တော်မှ ရဟန်းသိက္ခာကိုခံယူခဲ့ကြသည်ဟု (ပင်ကီ mdy-osc) မှသတင်းရရှိခဲ့ပါသည်။ ပွဲတော်တွင်ပါဝင်ခဲ့သူများမှလည်း "ဘဝအတွက်ကြီးမားတဲ့ ဆုံးဖြတ်ချက်ချခါနီးတိုင်း ညောင်လေးပင်မယ်တော်ထံသွားပြီး အမြဲဆုတောင်းပါတယ်။ဆုတောင်းတိုင်းလည်းပြည့်ပါတယ်။ဆရာတော်ကြီးတွေ၊ရဟန်းတော်တွေကဩဝါဒကိုသေချာပေးကြတော့လူတွေရဲ့ နှလုံးသားထဲစိမ့်ဝင်နိုင်တယ်။ မယ်တော့်ကိုအားကိုးရင် ကိုယ့်ဘဝမှာ မယ်တော်ပြောတဲ့ "သူစေခိုင်းတာလုပ်ပါ" ဆိုတဲ့စကားအတိုင်းဖြစ်လာပါတယ်။ မက်မောရာရေမေတ္တာထဲကအတိုင်း မယ်တော်ကိုအားကိုးတဲ့သူတိုင်း မယ်တော်မကူညီတဲ့သူ တစ်ယောက်မှမရှိဘူးလို့ ပြောရဲပါတယ်။ မယ်တော်ပွဲကျင်းပတော့ ကက်သလစ်အသင်းတော်ရဲ့ စည်းလုံးမှုနှင့်ချစ်ခြင်းကို သက်သေပြတာပါ။ မယ်တော်က ဘုရားသခင်ဆီ ညွှန်ပြတဲ့ တကယ့်မိခင်ပဲဆိုတာ ထင်ရှားခံစားရပါတယ်" ဟု စစ္စတာရှ် ဇေဗီဇဘက် (RGS) ထံမှသိရပါသည်။



ဆက်လက်၍ Sr.Mandalana Mi Cho (ZSLF) ကလည်း " Sr. အဖို့က မယ်တော်ပွဲကို ပထမဆုံးကြိမ် လာရောက်ဖူးခြင်းဖြစ်တယ်၊ ရန်ကုန်ကနေ လာတာပါ။ Sr. တွေတည်းဖို့အဆောင်မှာနေရာယူတယ်၊ လူအရမ်းများတော့ အိပ်ဖို့စားဖို့ခက်ခဲတယ်၊ ဒါပေမယ့်အံ့သြမိတာတစ်ခုကတော့ လူတွေ မိမိတို့ယူလာတဲ့ပစ္စည်းတွေ၊ ကလေးငယ်တွေပါ မယ်တော်နှင့် အဆက်မပြတ်ထိတို့ကြတယ်။ စီတန်းလှည့်လည်တဲ့အခါမှာလည်း အလားတူပြုလုပ်ကြတယ်။ဒါကိုကြည့်ခြင်းအားဖြင့် ဘာသာတူတွေ မယ်တော့်အပေါ် အင်မတန်မှ သဒ္ဓါကြည်ညိုမှုရှိပြီး ချစ်ခင်ကိုးစားကြတာကို တွေ့ရှိတော့ ဂမ်းသာပီတိအရမ်းဖြစ်မိပါတယ်" လို့ ပြောကြားခဲ့ပါသည်။ (CBCM-osc)



ပုသိမ်သာသနာ Mary Land မယ်တော်ပွဲ



လှိုင်ကော်သာသနာ ယူဆိုမိုဆို မယ်တော်ပွဲ



ပင်လယ်မယ်တော်ပွဲ ပုသိမ်သာသနာ

## မြစ်ကြီးနား (၁၉) ကြိမ်မြောက်ကျင်းပသော လုဒ်မယ်တော်သခင်မပွဲတော်




မြစ်ကြီးနားသာသနာ၊ တန်ဖရဲ ဘုန်းတော်ကြီးတပိုင်နယ် တန်ဖရဲ ကျေးရွာ(မြစ်ဆုံ)ရှိ ကောင်းကင်ဘုံသခင်မဘုရားကျောင်းတော်ကြီးတွင်(၁၉) ကြိမ်မြောက်လုဒ်မယ်တော်သခင်မပွဲတော်ကြီးကို ဖေဖော်ဝါရီလ(၁၁- ၁၂)ထိ (၂)ရက်တိုင် ကျင်းပခဲ့သည်။ နှစ်စဉ်နှစ်တိုင်းကျင်းပသော ၄င်းပွဲတော်ကြီးသည် ဖေဖော်ဝါရီလ(၁၁)ရက်နေ့ ကျရောက်သည်ဖြစ်ရာ ယခုနှစ်တွင် ပြာခံပွဲတော်ကြီး နေ့ရက်နှင့် နီးကပ်သောကြောင့် ဖေဖော်ဝါရီ (၁၂) သို့ ရွှေ့လိုက်ခြင်းဖြစ်ကြောင်း ဖာသာရ်ဒေါက်တာပီတာခါးအောင်တူးထံမှ သိရသည်။ (၁၁)ရက်နေ့တွင်ဘုရားဖူးဧည့်သည်များ ရောက်ရှိခြင်းနှင့် ညနေပိုင်း (၃)နာရီတွင် မစ္ဆားတရားတော်မြတ်ပူဇော်ခြင်း၊ မယ်တော် ပွဲတော်နေ့တွင် ဆရာတော်ဖရန်စစ်ဒေါ်တန်နှင့် ဘုန်းတော်ကြီး(၂၁)ပါးတို့မှ နံနက်(၆)နာရီ၊ (၁၀)နာရီ နှင့် ညနေ(၃)နာရီ အချိန်တို့တွင် မစ္ဆားတရားသုံးကြိမ်တိုင်တိုင် ပူဇော်ခဲ့ပြီး မိခင်၊ ဖခင်အသင်းများမှ မယ်တော်ဂုဏ်ပြုသီချင်း သီဆိုခြင်းဖြင့်ယခင်နှစ်များထက် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ ဘုရားဖူးဧည့်သည်တော်အများစုမှာ မေခ-မေလိခမြစ်ကြားရှိ မယ်တော်ဂူသို့ သွားရောက်ဖူးမျှော်ကြပြီး ပွဲတော်နေ့တွင် ဘုရားဖူးဘာသာဝင် (၁၅၀၀)ယောက်ကျော် ပါဝင်ခဲ့ကြသည်။ ‘ကျွန်မဒီမြစ်ဆုံမယ်တော်ထံ ဆုလာတောင်းတာ(၂)နှစ်ရှိပြီ။ သုံးနှစ်ဆက်တိုက်ဆုလာတောင်းရင် ဆုတောင်းပြည့်လိမ့်မယ်လို့ အားလုံးယုံကြည်သည့်အတိုင်း ကျွန်မလည်း လာရောက်ဆုတောင်းနေတာပါ’ ဟု မိခင်တစ်ဦးမှပြောခဲ့ပါသည်။

နောင်နှစ်များတွင်နယ်မြေအသီးသီးမှ ဘုရားဖူး ဧည့်သည်တော်များ တည်းခိုနိုင်ရန်အဆောင်များဆောက်လုပ်သွားမည်ဖြစ်ပြီး မြစ်ဆုံလုဒ်မယ်တော်ကို အထက်မြန်မာပြည်၏အထင်ကရဆုတောင်းပြည့်နေရာဖြစ်လာရန်ရည်ရွယ်ထားကြောင်းကိုလည်း တာဝန်ခံ ဆရာတစ်ဦးမှ ပြောပြခဲ့ပါသည်။ ပွဲတော်ညအစီအစဉ်အဖြစ် တန်ဖရဲလူငယ်များနှင့်D.Y.O လူငယ်များ၏ စင်တင်တေးဂီတအစီအစဉ်များ ကျင်းပခဲ့ကြပါသည်။

**ဇေလီဇဘက် မိုင်းမိုင် (MKN-osc)**

## ပုသိမ်သာသနာ အိုင်မ (ပင်လယ်) မယ်တော်ပွဲ

ပုသိမ်ဂိုဏ်းအုပ်သာသနာအတွင်းရှိပင်လယ်သာသနာအိုင်မကျေးရွာတွင် ဆူနာမီလုဒ်မယ်တော်သခင်မပွဲတော်ကို ဖေဖော်ဝါရီ (၁၅) မှ (၁၇) အထိ ကျင်းပခဲ့သည်။ မယ်တော်ပွဲတွင် တစ်နိုင်ငံလုံးရှိ သာသနာအများစုမှ ဘာသာဝင်များ လာရောက်စုပေါင်း ဂုဏ်ပြုဆုတောင်းခဲ့ကြသည်။ ဆူနာမီလုဒ်မယ်တော်ပွဲကို ဆရာတော်ကြီးပေါလ်ဂရောင်မှ မစ္ဆားတရားတော်မြတ်ဦးဆောင် ဂုဏ်ပြုပူဇော်ပေးကာ ဘုန်းတော်ကြီးအပါး(၃၀)ကျော် ပါဝင်ခဲ့ကြသည်။ မယ်တော်ပွဲသို့ မြန်မာနိုင်ငံအထက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားသာသနာမှ ကက်သလစ်ဘာသာဝင်(၇၀၀)ကျော်လည်း ဘုရားဖူးလာရောက်ခဲ့ကြပြီး မစ္ဆားတော်မြတ်ပူဇော်ရာတွင်မြန်မာဘာသာ၊ကချင်ဘာသာ၊ ပိုးကရင်ဘာသာနှင့် စကောကရင်ဘာသာစကားတို့ဖြင့် ရှိခိုးဂုဏ်ပြုခဲ့ကြသည်။

ထို့အပြင် မယ်တော်ပွဲကျင်းပရာ ရက်များအတွင်း ညနေပိုင်းတွင် မယ်တော်ဂူတည်ရှိရာ မယ်တော်ရင်ပြင်မှ ပင်လယ်ကမ်းခြေသို့ စီတန်းလှည့်လည်ခြင်းနှင့်ဘုရားရှိခိုးဂုဏ်ပြုခြင်းများပြုလုပ်ခဲ့ကြသည်။ကချင်တိုင်းရင်းသားများက မယ်တော်ဂူရင်ပြင်ရှေ့တွင် ကချင်ရိုးရာမနောအကများဖြင့် ဖျော်ဖြေကာ မယ်တော့်ကို ဆပ်ကပ်ပူဇော်ကပြခဲ့ကြပြီး ကချင်လူမျိုးတို့၏ တန်ဖိုးထားသည့် ကချင်ဓါးနှင့်လွယ်အိတ်တို့ကို ပင်လယ်သာသနာ ကျောင်းထိုင်ဘုန်းတော်ကြီး ဖာသာရ် ပတ်ထရစ်နှင့်လက်ထောက်ဘုန်းတော်ကြီးဖရန်စစ်တို့အား လက်ဆောင်အဖြစ် ဆက်ကပ်ပေးအပ် ခဲ့ကြသည်။

ဆူနာမီ လုဒ်မယ်တော်ပွဲ ကျင်းပရခြင်း၏ သမိုင်းအကျဉ်းမှာ ရေမကူးတတ်သော ကလေးငယ်တစ်ဦးသည် ရေကစားရင်းပင်လယ်ထဲသို့မျောပါသွားကာ သုံးနာရီကြာပြီးမှသူ၏ပါးစပ်အတွင်းတွင် မယ်တော်ကွန်တားပြားကိုကိုက်လျှက် ပင်လယ်ရေလှိုင်းများအကြားမှ ပြန်လည်ဆယ်ယူခဲ့ကြသည်။

ထို့ကြောင့် ထိုနေရာနှင့် အနီးဆုံး ကမ်းခြေတွင် မယ်တော်ဂူကိုဆောက်လုပ်ပြီး နှစ်စဉ်နှစ်တိုင်း ဘာသာဝင်များက ဘုရားပွဲပြုလုပ်ကာ ဘုရားရှိခိုး ဆုတောင်းဂုဏ်ပြုခဲ့ကြသည်။ ထို့အပြင်၂၀၀၄ ခုနှစ်အတွင်း ဆူနာမီလှိုင်းလုံးကြီးများသည် ကမ်းခြေသို့ရိုက်ခတ်လာရာ မယ်တော်ဂူရှေ့ဧရိယာရောက်လျှင် လှိုင်းလုံးကြီးများ နစ်ခြမ်းကွဲသွားပြီး တံငါသည်များ ဘေးရန်အနည်းငယ်မျှမကျရောက်ခဲ့သည့်ပေ။ထိုအချိန်မှစကာ ဆူနာမီလုဒ်မယ်တော်ဟု သမုတ်ခေါ်ဝေါ်ခဲ့ကြသည်။

ထို့အပြင် ယင်းဒေသအတွင်းတွင် မြွေဟောက်အလွန်ပေါ်များသော်လည်း မည်သည့်အခါမျှမြွေအကိုက်မခံရသောကြောင့်လည်း မယ်တော်သည်မြွေအန္တရာယ်ကို ကာကွယ်ပေးသည်ဟု ဘာသာဝင်များက သက်သေခံယုံကြည်နေခဲ့ကြသည်။

(Soe.PTN-osc)

## ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်းကွယ်လွန်

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ(၁၆)ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဘူးထရိုစ် ဘူးထရို့စ်ဂါလီသည် အီဂျစ်နိုင်ငံ ကိုင်ရိုဆေးရုံတွင် ကွယ်လွန်သွားကြောင်း ကုလသမဂ္ဂကောင်စီက ကြေငြာခဲ့ပါသည်။ သူကွယ်လွန်ချိန်တွင် အသက် (၉၃) နှစ် ရှိပြီဖြစ်သည်။ အရှင်သူတော်မြတ်ဖရန်စစ်သည် ဘူးထရိုစ့်ဂါလီကွန်လွန်ကြောင်း သတင်းကြားသိရသောအခါ ရဟန်းအမတ်ကာဒီနယ်ပီးထရိုပါရိုလင်းအားမှတစ်ဆင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးဘန်ကီမွန်ထံဝမ်းနည်းကြောင်းကြေးနန်းပေးပို့ခဲ့သည်။ အရှင်သူမြတ်က “အကျွန်ုပ်သည် ဤသတင်းကိုသိရှိပြီးသည့်နောက် အင်မတန်မှ ဝမ်းနည်းရပါကြောင်း၊ မိသားစုဝင်နှင့်လည်းထပ်တူခံစားရပါကြောင်း၊ မိမိနိုင်ငံအတွက်သော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင်အမှုထမ်းခဲ့သော ဘူးထရိုစ့်ဂါလီအား အကျွန်ုပ်မှအောက်မေ့လျှက်ရှိပါကြောင်း၊ သင်နှင့်သင်၏မိသားစုအပေါ်တွင်လည်းကောင်း၊သင့်အတွက်ငိုကြွေးနေကြသောသူတို့အပေါ်လည်းကောင်းဘုရား၏ကျေးဇူးတော်သက်ရောက်ပါစေကြောင်း အကျွန်ုပ်ဆုတောင်းပါသည်” ဟူသောသတင်းကို ဗာတီကန်ရေဒီယိုသတင်းမှသိရှိရပါသည်။ 17.2.2016 Vatican Radio

Catholic Bishops' Conference of Myanmar (CBCM)

**Office of Social Communications**

292(A) Pyay Road, Sanchaung P.O
Yangon 11111, Myanmar
Ph:(+95)1 525808
cbcmosc@gmail.com www.catholicmyanmar.org

Ref. No: 007/16 Date: 16th February 2016.

သို့

သာသနာအသီးသီးမှ လူထု ဆက်သွယ်ရေးတာဝန်ခံဘုန်းတော်ကြီးများနှင့် သူတော်စင်များ

လူထုဆက်သွယ်ရေးရုံးမှ စာရေးနတ်ဆက်လိုက်ပါတယ်။ အားလုံးနေကောင်းကျန်းမာလျက်ရှိကြမယ်လို့လည်း ယုံကြည်ပါတယ်။

မြန်မာနိုင်ငံရဲ့အကူးအပြောင်းမှာ မြန်မာနိုင်ငံကက်သလစ်သာသနာတော်ကြီးအနေနှင့်လည်းပိုမိုကောင်းမွန်တဲ့ကူးပြောင်းခြင်းဖြစ်လာဖို့နှင့် လိုအပ်သောကြိုတင်ပြင်ဆင်ခြင်းများပြုဖို့လိုအပ်ပါတယ်။ ဥပမာ မိသားစုလေဒီယို (သို့)FM လိုင်းတွေကို ကိုယ်ပိုင်ထုတ်လွှင့်ခွင့်ရလာမယ်ဆိုရင် ကိုယ့်ဘက်က အစဉ်သင့်ရှိနေထားဖို့လိုအပ်တယ်လေ။ အခုလည်း ခိုင်ခိုင်မာမာတည်ရှိနေတဲ့ RVA လေလှိုင်းအသံကို သာသနာပေါင်းစုံ၊ ဂိုဏ်းပေါင်းစုံကနေ ပိုင်းဝန်းပံ့ပိုးလို့ကူညီပါဝင်နိုင်ကြတယ်။ ခေတ်နှင့်အညီ RVAအသံလွှင့်ခြင်းကိုလည်း Online ကနေ ထုတ်လွှင့် နေပါတယ်နော်။

ဒါကြောင့် (၂၀၁၆)ခုနှစ် (မတ်)လ ပထမ အပတ်ထဲမှာ RADIO ထုတ်လုပ်ရေးအထူးသင်တန်းတစ်ခုရှိမှာဖြစ်လို့ အားလုံးကိုဖိတ်ခေါ်ပါတယ်။ သာသနာတစ်ခုကို အနည်းဆုံးတစ်ယောက်၊ အထူးသဖြင့် RVA program ထုတ်လုပ်နေကြတဲ့ သာသနာများနှင့် သူတော်စင် ဂိုဏ်း အသီးသီးကို ဖိတ်ခေါ်ပါတယ်။

ဒီသင်တန်းကို မြန်မာ့အသံမှာ အတွေ့အကြုံများစွာနှင့် အမှုထမ်းဆောင်ခဲ့တဲ့ ဒေါ်ချယ်ရီ က စေတနာမေတ္တာဖြင့်ဦးဆောင်သင်ကြားပေးမှာဖြစ်ပါတယ်။ သင်ကြားပေးမယ့် ခေါင်းစဉ်တွေက

(၁) ရေဒီယိုထုတ်လုပ်ခြင်း Radio production Training,

(၂) အစီအစဉ်တင်ဆက်ခြင်း presentation,

(၃) တွေ့ဆုံမေးမြန်းခြင်း Interviewing and

(၄) အစီအစဉ်ထုတ်လုပ်ခြင်းနည်းပညာများ program production skills ဖြစ်ပါတယ်။

သင်တန်းရက်များ

- (၁) မတ် လ (၂၀၁၆) နေ့ အရောက်
- (၂ - ၄)ရက် သင်တန်းရက်များ
- (၅) မတ်လ ၂၀၁၆ နေ့ပြန်ရက်

သင်တန်းနေရာ။ CBCM

**လိုအပ်ချက်များ**

1. သင်တန်းမှာလက်တွေ့လုပ်ရမှာဖြစ်တဲ့အတွက် Laptop နှင့် အသံဖမ်းစက် တစ်ခုစီလိုအပ်ပါမယ်။ ဒါကြောင့် ကိုယ့် Laptop မှာ Sound editing program ကြိုတင်ထည့်ထားဖို့လည်းလိုအပ်ပါမယ်။
2. နေ့တိုင်းလက်တွေ့ရှိမယ်။ (စာတွေ့ထက်လက်တွေ့ဖြစ်မယ်)။
3. သင်တန်းမှာ နေ့လည်စာ နှင့် အစာပြေကို ဧည့်ခံပေးမှာဖြစ်လို့ မနက်စာနှင့်ညစာနှင့် လမ်းစရိတ်များကို မိမိအစီအစဉ်ဖြင့် စီစဉ်ရပါမယ်။
4. သင်တန်းကြေးအတွက်ကို တစ်ဦးလျှင် (၁၅၀၀၀) တစ်သောင်းနှင့်ငါးထောင်ကျပ်တိတိ ကောက်ခံမှာဖြစ်ပြီး ကျန်လိုအပ်ချက်များကို CBCM OSC ရုံးမှာ တာဝန်ယူမှာဖြစ်ပါတယ်။

ဘုရားရှင်၏သနားဂရုဏာတော်၌

Fr.Leo Mang (sdb)
(National Director,
CBCM-OSC)

COMMISSION FOR SOCIAL COMMUNICATIONS CBCM DIRECTOR

မိတ္တူ။ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်ဆရာတော်ကြီးများ

**CBCM Herald** - စာစောင်ကို လ၏ (၁၅) နှင့် (၃၀) ရက်နေ့တို့တွင်ထုတ်ဝေသည်။
- တစ်စောင်(၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင်(၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ဖြင့်အားပေးနိုင်ပါပြီ။

# CBCM Herald

- စာစောင်ကို လ၏ (၁၅) နှင့် (၃၀) ရက်နေ့တို့တွင်ထုတ်ဝေသည်။
- တစ်စောင်(၃၀၀)ကျပ်၊ တစ်လကိုနှစ်စောင်လျှင်(၅၀၀)ကျပ်၊ တစ်နှစ်စာ(၆၀၀၀)ကျပ်။

ဖတ်ရှုအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။



KMSS ကိုယ်စားလှယ်များတွေ့ဆုံခြင်း.. စာ (၇)



ပင်လယ်မယ်တော်ပွဲ.. စာ (၁၄)



သမ္မာကျမ်းစာတော်မြတ်... စာ (၅)



Level (2) ECE- TOT သင်တန်း.. စာ (၈)



လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုသင်တန်း.. စာ(၇)




B F F သမ္မာကျမ်းစာဦးဆောင်သူများသင်တန်း.. စာ(၈)




ကချင်ပြည်နယ်မူးယစ်အန္တရာယ်.. စာ (၃)

**သင်၏လက်ကိုင်ဖုန်းထဲသို့(RVA)အာရှသမ္မာတရားလေလှိုင်းအသံများကို Mobile ဖြင့် (၂၄)နာရီနားဆင်နိုင်ပါပြီ**




**http://myanmar.rveritas-asia.org/** **အချိန်အခါမရွေး၊ နေရာမရွေး RVA - Mobile - သုံးကြစို့**

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)



